# ဆရာအတွက် အမှာစာ

ဤအမှာစာတွင် ဆရာလမ်းညွှန်စာအုပ်မိတ်ဆက် (Introduction)၊ သင်ခန်းစာအစီအစဉ်များ (Lesson Plans) နှင့် ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက် (Glossary of Words) ဟူ၍ အဓိကအပိုင်း ၃ ပိုင်း ပါရှိသည်။

## ၁။ ဆရာလမ်းညွှန်စာအုပ်မိတ်ဆက်

ဆရာလမ်းညွှန်စာအုပ်မိတ်ဆက်တွင် ဆရာများသိရှိထားသင့်သော အောက်ပါအကြောင်းအရာများ ပါဝင်သည်။

(က) ကျောင်းသားဗဟိုပြုသင်ကြားနည်းပညာကိုခြုံငုံတင်ပြခြင်း
(ခ) ထိရောက်သောသင်ကြားသင်ယူမှုအတွက်အခြေခံစည်းမျဉ်းများ
(ဂ) ဘလွန်းမ်၏သင်ယူမှုအဆင့်ခွဲခြင်း (Bloom's Taxonomy)
(ဃ) သင်ခန်းစာသင်ကြားခြင်းအဆင့်ဆင့်တွင် မေးမြန်းနိုင်သောမေးခွန်းများ
(င) ၂၁ရာစုကျွမ်းကျင်မှုများ (21$^{st}$Century Skills) နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills)
(စ) စာသင်ခန်းအဆင့်စစ်ဆေးအကဲဖြတ်ခြင်းကို ခြုံငုံတင်ပြခြင်း
(ဆ) အလယ်တန်းနှင့်အထက်တန်းအဆင့်စာသင်ခန်းများအတွင်း လူမှုရေးရှုထောင့်များကိုခြုံငုံတင်ပြခြင်း
(ဇ) သင်ရိုးမာတိကာ (Syllabus) နှင့် စာသင်နှစ်တစ်နှစ်စာသင်ခန်းစာအစီအစဉ် (Year Plan)

**(က) ကျောင်းသားဗဟိုပြုသင်ကြားနည်းပညာကိုခြုံငုံတင်ပြခြင်း**– ကျောင်းသားဗဟိုပြုသင်ကြားသည့် အလယ်တန်းနှင့်အထက်တန်းအဆင့် စာသင်ခန်းများတွင် အောက်ဖော်ပြပါ အဓိကအချက်များကို လေ့လာတွေ့ရှိနိုင်ပါသည် -

- သင်ခန်းစာများသည် စိတ်ဝင်စားဖွယ်ကောင်းပြီး ကျောင်းသားများ၏ လက်တွေ့ဘဝနှင့် ဆီလျော်၍ အဓိပ္ပာယ်ရှိသည်။
- ကျောင်းသားများသည် တက်ကြွစွာသင်ယူကြပြီး အတန်းဖော်များနှင့်ပူးပေါင်းဆောင်ရွက်ကြသည်။
- ဆရာများသည် ကျောင်းသားများအတွက် လက်တွေ့ဘဝတွင် တွေ့ကြုံရမည့် အခက်အခဲပြဿနာများကို ဖြေရှင်းရသည့်အခြေအနေများနှင့် စိန်ခေါ်မှုများ ဖန်တီးပေးသည်။
- ကျောင်းသားများသည် ပြဿနာဖြေရှင်းခြင်း (problem solving)နှင့် အဆင့်မြင့်ဆန်းစစ်တွေးခေါ်ခြင်း (higher level critical thinking) ဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာသည်။
- ဆရာက ကျောင်းသားများအား ရှင်းပြသည်၊ မေးခွန်းများမေးသည်၊ နားထောင်သည်။ ကျောင်းသားများက ဆွေးနွေးကြသည်၊ မေးခွန်းများမေးကြသည်၊ နားထောင်ကြသည်။

**(ခ) ထိရောက်သောသင်ကြားသင်ယူမှုအတွက်အခြေခံစည်းမျဉ်းများ**– ထိရောက်သော သင်ကြားသင်ယူမှုတွင်ဆရာနှင့် ကျောင်းသားများအတူတကွ အောက်ပါတို့ကိုဆောင်ရွက်ကြသည်။


✔ ကျောင်းသားများအတွက် ဆရာက သင်ယူမှုကို ရှင်းလင်း အောင်ဆောင်ရွက်ပေးသည်။
✔ ဆရာနှင့် ကျောင်းသားများသည် သင်ကြားသင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းမျိုးစုံ အသုံးပြုကြသည်။
✔ ပုံမှန်အားဖြင့် ဆရာနှင့် ကျောင်းသားများသည် တိကျရှင်းလင်းသောအကြံပြုချက်(feedback)များကို အပြန်အလှန် ပေးကြသည်။




**သင်ယူမှုရလဒ်များ (Learning Outcomes)**- သင်ယူမှုအချိန်ကာလတစ်ခုအဆုံး၌ ကျောင်းသားများအား မည်သည့်အသိပညာ၊ ကျွမ်းကျင်မှု၊ စိတ်နေသဘောထား၊ တန်ဖိုးထားမှုများကိုသိရှိသွားစေရန်၊ နားလည်သွားစေရန်၊ ပြုလုပ်နိုင်စေရန်မျှော်မှန်းထားသည်ကို ရှင်းလင်းစွာအဓိပ္ပါယ်ဖွင့်ဆိုထားသော ဖော်ပြချက်များပါရှိသည် (သင်ခန်းစာအစီအစဉ်များ (Lesson plans) ကိုကြည့်ပါ)။

DBE Box - Copyright Protected

(ဂ) **ဘလွန်းမ်၏သင်ယူမှုအဆင့်ခွဲခြင်း (Bloom's Taxonomy)**- အလယ်တန်းနှင့်အထက်တန်းအဆင့် ကျောင်းသား များတွင် အဆင့်မြင့်စဉ်းစားတွေးခေါ်မှုစွမ်းရည်များ (higher order thinking skills) ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သင်ခန်းစာအစီအစဉ်များ **(lesson plans)**နှင့် သင်ယူမှုလုပ်ငန်းများ **(activities)**တွင် ဘလွန်းမ်၏ သင်ယူမှုအဆင့် များထည့်သွင်းထားသည်။ သင်ခန်းစာအစီအစဉ်များတွင် ယင်းအဆင့်များကိုဖော်ပြသည့် အဓိကစကားလုံးများ (မှတ်မိ သည်၊ နားလည်သည်၊ အသုံးချသည်၊ စိစစ်ပိုင်းခြားသည်၊ အကဲဖြတ်သည်၊ တီထွင်ဖန်တီးသည် အစရှိသည်) ကို ရှာဖွေကြည့်ပါ။




**ဘလွန်းမ်၏ သင်ယူမှုအဆင့်များပြပုံ**

**(ဃ)သင်ခန်းစာသင်ကြားခြင်းအဆင့်ဆင့်တွင်မေးမြန်းနိုင်သောမေးခွန်းများ**– ဆရာသည် သင်ခန်းစာ၏အစ၊ အလယ်၊ အဆုံးအဆင့်များတွင် အောက်ဖော်ပြပါမေးခွန်းများကို မေးမြန်းဆန်းစစ်သင့်ပါသည်။

**သင်ခန်းစာအစတွင်–**

✔ ယခုသင်မည့် သင်ခန်းစာပြီးဆုံးသွားလျှင် ကျောင်းသားများသည် မည်သည့်ကျွမ်းကျင်မှုများနှင့် အသိပညာ များကို သင်ယူရရှိသွားမည်နည်း။

✔ စီစဉ်ထားသော သင်ယူမှုလုပ်ငန်းများကို လုပ်ဆောင်ရန် ကျောင်းသားများကို မည်သို့စုစည်းမည်နည်း။

✔ ဆရာသည် မည်သည့်သတင်းအချက်အလက်များ လိုအပ်သနည်း။ ကျောင်းသားများသည် မည်သည့် သတင်း အချက်အလက်များ လိုအပ်သနည်း။

✔ ဆရာသည် မည်သည့်ကိရိယာ/သင်ထောက်ကူပစ္စည်းများ လိုအပ်သနည်း။ ကျောင်းသားများသည် မည်သည့် ကိရိယာ/သင်ထောက်ကူပစ္စည်းများလိုအပ်သနည်း။

✔ သင်ထောက်ကူပစ္စည်းများကို မည်သို့ရရှိစုစည်းပြီး အသုံးပြုမည်နည်း။

✔ မည်သည့် ရလဒ်ရလိမ့်မည်ဟု သင်ထင်သနည်း။

**သင်ခန်းစာအလယ်တွင်–**

✔ သင်ခန်းစာ/သင်ယူမှုလုပ်ငန်းသည် မျှော်မှန်းထားသကဲ့သို့ဖြစ်နေမှု ရှိ၊ မရှိ။

✔ ကျောင်းသားများက သင်ခန်းစာကို နားလည်စေရေးအတွက် အထောက်အကူပြုနိုင်ရန် ဆရာအနေဖြင့် လိုအပ်သော အခြားသတင်းအချက်အလက်များ ရှိ မရှိ။

**သင်ခန်းစာအဆုံးတွင်–**

✔ မျှော်မှန်းထားသည့်အတိုင်း ဆရာ၏ သင်ကြားမှုလုပ်ငန်း ပြီးမြောက်ခဲ့ခြင်း ရှိ မရှိ။

✔ သင်ခန်းစာသည် ကျောင်းသားများကို စဉ်းစားတွေးခေါ်စေသည့် အခြားမေးခွန်းများထွက်ပေါ်စေခဲ့ခြင်း ရှိ မရှိ။

DBE Box -Copyright Protected

- ✔ အခြားသင်နည်းတစ်မျိုးနှင့် ဆောင်ရွက်ခဲ့သင့်ခြင်း ရှိ မရှိ။
- ✔ ဆရာ သို့မဟုတ် ကျောင်းသားများသည် ဤသင်ခန်းစာမှ မည်သည်တို့ကို သင်ယူနိုင်ခဲ့ကြသနည်း။
- ✔ ဆရာ၏သင်ကြားမှုသည် ကျောင်းသားတစ်ဦးချင်းစီ၏ သင်ခန်းစာပါသဘောတရားများ နားလည်မှုကို စစ်ဆေးရန် အထောက်အကူဖြစ်ခဲ့ခြင်း ရှိ မရှိ။
- ✔ ဤသင်ခန်းစာကိုလည်းကောင်း၊ နောင်သင်ကြားမည့် သင်ခန်းစာကိုလည်းကောင်း ပိုမိုကောင်းမွန်စေရန် မည်သည်တို့ကို ထည့်သွင်းသင်ကြားရန် လိုအပ်မည်နည်း။

**(င) ၂၁ရာစုကျွမ်းကျင်မှုများ (21st Century Skills)နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills)-**

လူငယ်များသည် ရှုပ်ထွေးသောကမ္ဘာလောကကြီးတွင် လျှောက်လှမ်းရမည့်ဘဝခရီးနှင့် အလုပ်ခွင်အတွက် ၂၁ ရာစု ကျွမ်းကျင်မှုများနှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများလိုအပ်ပါသည်။ ဃ-၅လုံး (5-C's) သို့မဟုတ် သင်ယူမှု အတွက်အရေးကြီးသောကျွမ်းကျင်မှုများမှာ-

- ✔ **ပူးပေါင်းဆောင်ရွက်ခြင်း (Collaboration)**/ အုပ်စုဖြင့်လုပ်ငန်းဆောင်ရွက်ခြင်း **(Group work)-** ကျောင်းသားများအား အုပ်စုဖြင့်လုပ်ငန်းဆောင်ရွက်တတ်ရန်၊ အတွေးအခေါ်များမျှဝေခြင်းနှင့် အဖြေများ အတူရှာဖွေတတ်ရန်အားပေးသည်။
- ✔ **ဆက်သွယ်ပြောဆိုခြင်း (Communication)**- နှုတ်အားဖြင့်၊ ကိုယ်ဟန်အမူအရာအားဖြင့် ဆက်သွယ်ခြင်း- စာဖတ်ခြင်း၊ စာရေးခြင်း၊ စကားပြောခြင်း၊ နားထောင်ခြင်းတို့ဖြစ်သည်။
- ✔ **လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း (Critical Thinking and Problem Solving)**- ကျောင်းသားများအား ပြဿနာများ၏အဖြေများကို ရှာဖွေခြင်းနှင့် အမှားပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခွင့်ပေးသည်။
- ✔ **တီထွင်ဖန်တီးခြင်း (Creativity and Innovation)**- အတွေးအခေါ်အယူအဆသစ်များရှာဖွေခြင်းနှင့် ပြဿနာများကိုဖြေရှင်းခြင်းတို့ပြုလုပ်ရန် 'ဘောင်ခတ်ထားသည့်အခြေအနေ'မှ ပြင်ပသို့ထွက်၍ တွေးခေါ် စေခြင်း ဖြစ်သည်။
- ✔ **နိုင်ငံသားကောင်းဖြစ်ခြင်း (Citizenship)**- ကျောင်းလူမှုအဖွဲ့အစည်းများတွင် တက်ကြွစွာပါဝင် လုပ်ဆောင်ခြင်း၊ တရားမျှတခြင်းနှင့် ပဋိပက္ခဖြေရှင်းခြင်းစိတ်ဓာတ်ရှိခြင်းတို့ ဖြစ်သည်။

**(စ) စာသင်ခန်းအဆင့်တတ်မြောက်မှုစစ်ဆေးအကဲဖြတ်ခြင်းကိုခြုံငုံတင်ပြခြင်း–** သင်ယူမှုအတွက် စစ်ဆေးအကဲဖြတ်မှုအားလုံး၏ ၉၀%ကို သင်ကြားနေစဉ်အတွင်းဆောင်ရွက်ခြင်းဖြစ်သည်။ ကျောင်းသားနှင့် ဆရာတို့အား အကြံပြုချက်များ**(Feedback)**ချက်ချင်းပေးရန်အတွက် စာသင်ခန်းအဆင့် စစ်ဆေးအကဲဖြတ်ခြင်းကို အသုံးပြုသည်။ ဤစစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများအား ရှေ့ဆက်အောင်မြင်စွာသင်ယူလိုပါက နောင်တွင် မည်သို့သင်ယူရန် လိုအပ်သည်ကိုခွဲခြားသိရှိနိုင်စေရန် ကူညီပေးသည်။ ဆရာများသည် ထိရောက်သောသင်ကြားရေးနည်းဗျူဟာများနှင့် ထိရောက်မှုနည်းသော သင်ကြားရေးနည်းဗျူဟာများကို ခွဲခြားသတ်မှတ်ရန် သင်ကြားနေစဉ်အတွင်း လေ့လာကြည့်ရှုခြင်းများ ပြုလုပ်နိုင်သည်။

**(၁) စာသင်ခန်းအဆင့် စစ်ဆေးအကဲဖြတ်ခြင်းတွင် အောက်ပါနည်းလမ်းများပါဝင်သည်–**

- ✔ **ကျောင်းသားဗဟိုပြုမှု–** ဆရာနှင့်ကျောင်းသားများသည် သင်ကြားရေးထက်သင်ယူမှုကို လေ့လာကြည့်ရှုရေးနှင့် သင်ယူမှုပိုမိုကောင်းမွန်ရေးကို ပိုမိုအလေးထားကြသည်။ ကျောင်းသားများသည် (ဆရာက မည်သည်ကို လုပ်ဆောင်ရန်ပြော၍မဟုတ်ဘဲ) မည်သည်ကိုသင်ယူရန် နားလည်ကြသည်။
- ✔ **ဆရာ၏ဆုံးဖြတ်စီစဉ်မှု–** ဆရာအသီးသီးသည် မည်သည်ကို၊ မည်သို့စစ်ဆေးအကဲဖြတ်ရမည်နှင့် စစ်ဆေး အကဲဖြတ်ခြင်းမှ ရရှိသည့်အချက်အလက်များကို မည်သို့အသုံးပြုဆောင်ရွက်မည်ဆိုသည်ကို ဆုံးဖြတ်သည်။

DBE Box - Copyright Protected

- ✔ **ကျောင်းသားများ၏ တက်ကြွသောပါဝင်ဆောင်ရွက်မှု**– ကျောင်းသားများသည် စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းစဉ်၏ အစိတ်အပိုင်းအဖြစ်ပါဝင်သောကြောင့် မိမိတို့မည်သည့်အရာကိုသင်ယူသင့်သည်ကို ပိုမိုနားလည်ကြသည်။ ထို့အပြင် မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်ခြင်း (Self-Assessment)တွင်လည်း ပိုမိုကျွမ်းကျင်လာသည်။ ကျောင်းသားများသည် ဆရာက ၎င်းတို့ကို သင်ယူသူအဖြစ် စိတ်ဝင်စားမှုရှိကြောင်း သတိပြုမိသောအခါ သင်ယူလိုစိတ် မြင့်မားလာသည်။
- ✔ **သင်ကြားသင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်း(Formative Assessment)**– သင်ကြားသင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသား၏သင်ယူမှုတိုးတက်မှု အခြေအနေအကြောင်းကို ဆရာ သိရှိစေရန် အထောက်အထားပေးသည်။ သင်ကြားသင်ယူစဉ် စစ်ဆေးအကဲဖြတ်မှသာ ဆရာက ကျောင်းသားများ၏ သင်ယူမှုတိုးတက်စေရန် ကူညီပေးနိုင်မည်ဖြစ်သည်။ ဆရာက ကျောင်းသားများ သင်ယူမှုဆိုင်ရာ အထောက်အထားကို အကောင်းဆုံး မည်သို့မှတ်သားမည်ကို ဆုံးဖြတ်ရန် လိုအပ်သည်။ ရရှိသည့်အထောက် အထားအပေါ်မူတည်၍ ဆရာသည် ကျောင်းသား၏ သင်ယူမှုတိုးတက်စေရန် မိမိ၏သင်ကြားမှုကို ကိုက်ညှိနိုင်သည်။ ဆရာများ၏ သင်ကြား-သင်ယူစဉ်စစ်ဆေးအကဲဖြတ်မှုစွမ်းရည်နှင့်နည်းလမ်းများ ပိုမိုကောင်းမွန်စေရေးအတွက် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (soft skills: C-၅လုံး) ဖွံ့ဖြိုးရေးကို စတင်ဆောင်ရွက်ရန်အရေးကြီးသည်။ ဆရာတိုင်းတွင် ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှုများရှိလျှင် သင်ခန်းစာတိုင်းတွင် ကျောင်းသားများ၏သင်ယူမှုကို မြင့်တင်အားပေးနိုင်မည် ဖြစ်သည်။

(၂) **စာသင်ခန်းအဆင့်သင်ကြားစဉ်စစ်ဆေးအကဲဖြတ်ခြင်းအတွက်နည်းဗျူဟာများ**

- ✔ **လေ့လာကြည့်ရှုခြင်း <u>(Observation)</u>**– လက်တွေ့လုပ်ငန်းများ၊ တွေ့ရှိချက်များတင်ပြခြင်းများအတွက် အုပ်စုလိုက်ပြင်ဆင်ဆောင်ရွက်နေကြစဉ် ၎င်းတို့၏အပြုအမူများအပါအဝင် ကျောင်းသားများအား တိုက်ရိုက် လေ့လာကြည့်ရှုခြင်းနှင့် တွေ့ရှိချက်များကိုမှတ်တမ်းထားခြင်းဖြစ်သည်။ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills: C-၅လုံး)ကိုလည်း လေ့လာကြည့်ရှုပါ။
- ✔ **မေးခွန်းများမေးခြင်း <u>(Questioning)</u>**– ဆရာသည် ကျောင်းသားများ၏ သိနားလည်မှု (ဘလွန်းမ်၏ သင်ယူမှုအဆင့်ခွဲခြင်း)ကို ဆုံးဖြတ်ရန် မေးခွန်းများမေး၍ ရရှိသောရလဒ်အရ ၎င်း၏ သင်ကြားမှုကို ချိန်ဆသည်။ ဤသို့ဆောင်ရွက်ခြင်းသည်သင်ခန်းစာများ သို့မဟုတ် သင်ခန်းစာတစ်ခု၏ နောက်ဆုံးအဆင့်ဖြစ်သော ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်းတွင်သာမက စာသင်ကြားစဉ် အချိန်မရွေးဖြစ်ပေါ်နိုင်သည်။
- ✔ **ကျောင်းသားများ၏ သင်ယူမှုဂျာနယ် <u>(Student Learning Journal)</u>**– ဆရာသည် စဉ်းစားဖြေဆိုရသည့် မေးခွန်းများ (Open-Ended Questions) (ဥပမာ- မည်သည်ကိုသင်ယူခဲ့ပြီး ဖြစ်သည်၊ မည်သည်ကို သင်ယူရန်လိုအပ်နေသေးသည်)ကိုပေး၍ ကျောင်းသားများအား လေ့ကျင့်ခန်းစာအုပ်တွင် အဖြေများ ရေးသားစေခြင်းဖြစ်သည်။ ဤကဲ့သို့သင်ယူမှုဂျာနယ်ရေးခြင်းကို သင်ခန်းစာပြီးဆုံးသောအခါ ပြန်လည်သုံးသပ်ခြင်းအဖြစ် သုံးနိုင်သည်။ ထို့အပြင် နောက်သင်ကြားမည့် သင်ခန်းစာရည်ရွယ်ချက်နှင့်ပတ်သက်ပြီး ကျောင်းသားများအား ၎င်းတို့သိရှိပြီးသောအကြောင်းအရာများကိုရေးသားစေပြီး သင်ခန်းစာ၏ အစတွင် ကျောင်းသားများ၏ယခင်ရှိပြီးသားဗဟုသုတကိုဆုံးဖြတ်ရန် အသုံးပြုနိုင်သည်။ ဆရာသည် ကျောင်းသားများ၏ သင်ယူမှုဂျာနယ်များကို နမူနာ (ဥပမာ- ၁၀အုပ်) ကောက်ယူကြည့်၍ တစ်တန်းလုံး၏ တတ်မြောက်မှုအခြေအနေ သို့မဟုတ် ယခင်ရှိပြီးသားဗဟုသုတကို ခြုံငုံအကဲဖြတ်ခြင်းနှင့် တွေ့ရှိချက်အပေါ်မူတည်၍ သင်ကြားမှုထိန်းညှိခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

DBE Box - Copyright Protected

**(ဆ) အလယ်တန်းနှင့်အထက်တန်းအဆင့် စာသင်ခန်းများအတွင်း လူမှုရေးရှုထောင့်များကိုခြုံငုံတင်ပြခြင်း (ကျား–မ၊ လူမျိုးစု၊ လူမှုရေးအဆင့်အတန်းနှင့် မသန်စွမ်းမှု)**– အမျိုးသားပညာရေးဥပဒေ (၂၀၁၄) ၌ သင်ရိုးညွှန်းတမ်းသည် မတူကွဲပြားခြားနားခြင်း (diversity)ကို နားလည်လက်ခံသော၊ တန်းတူညီမျှမှု (equality)ကို အလေးထားသော၊ ဒီမိုကရေစီအလေ့အကျင့်နှင့် လူ့အခွင့်အရေး (human rights) ဆိုင်ရာစံနှုန်းများကို တန်ဖိုးထားသော နိုင်ငံသားကောင်းများမွေးထုတ်ပေးနိုင်ပြီး တိုင်းရင်းသားမျိုးနွယ်စု အသီးသီး၏ ကြွယ်ဝသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးစံနှင့် သမိုင်းအမွေအနှစ်တို့ကို မြှင့်တင်နိုင်စွမ်းရှိသည့်အပြင် နိုင်ငံတကာပညာရေး သင်ရိုးညွှန်းတမ်းများနှင့် လိုက်လျောညီထွေရှိရမည်ဟု ဖော်ပြထားသည်။

အခြေခံစည်းမျဉ်းအနေဖြင့် စာသင်ခန်းများသည် ကျား-မ၊ လူမျိုးစု၊ လူမှုရေးအဆင့်အတန်းနှင့် မသန်စွမ်းမှုတို့ကို မခွဲခြားဘဲ ကျောင်းသားအားလုံး အကျုံးဝင် (inclusive) စေရန် ဖြစ်သည်။ အားလုံးအကျုံးဝင်ပြီး သာတူညီမျှမှု (equity) ရှိသော ကျောင်းပတ်ဝန်းကျင်သည် ကျောင်းသားတစ်ဦးစီ၏ ကိုယ်ပိုင်လက္ခဏာနှင့် တန်ဖိုးထားမှုကိုထိန်းသိမ်းပြီး အခြားသူများနှင့်မတူ ကွဲပြားခြားနားမှုကို နားလည်အသိအမှတ်ပြုကာ ကျောင်းသားအားလုံး ပညာသင်ကြားခွင့်ရစေမည်ဖြစ်သည်။

ဆရာသည် နိုင်ငံသားကောင်းဖြစ်စေရန် စေ့ဆော်ပေးသည့် လိုလားဖွယ်ရာ အပြုသဘောဆောင်သည့် သဘောထားများနှင့် တန်ဖိုးထားမှုများပါသည့် မိမိ၏လုပ်ရှားဆောင်ရွက်မှုများကို နမူနာကောင်းများအဖြစ် ကျောင်းသားများအား ပြသရန်လိုအပ်ပါသည်။ ယင်းအပြုသဘောဆောင်သည့် သဘောထားများနှင့် တန်ဖိုးထားမှုများသည် ကျောင်းသားများတွင် နိုင်ငံသားကောင်းစိတ်ဓာတ်များ ပေါက်ဖွားလာစေမည်ဖြစ်သည်။

ထို့အပြင် ဆရာသည် မိမိ၏စာသင်ခန်းအတွင်း လူမှုရေးဘက်လိုက်မှုများကို သတိပြုရှောင်ကြဉ်ရမည်။ ယင်းတို့မှာ တရားသေစွဲမှတ်ထားသောအခန်းကဏ္ဍများ (stereotyped roles)၊ မတူညီသော ယဉ်ကျေးမှု မတူညီသောလူမျိုးစု နိုင်ငံသားများအကြား ခွဲခြားဆက်ဆံမှုများ၊ လူမှုရေးအဆင့်အတန်းအရ ဘက်လိုက်မှုများ၊ ရိုးရာဓလေ့ ထုံးစံများနှင့် တန်ဖိုးထားမှုများကို လျစ်လျူရှုခြင်းတို့ဖြစ်သည်။

ဆရာသည်မိမိ၏ စာသင်ခန်း၊ သင်ခန်းစာများ၊ ကျောင်းပတ်ဝန်းကျင်တို့တွင် သာတူညီမျှမှုနှင့်အားလုံးအကျုံးဝင်မှုကို အားကောင်းစေသည့်အခြားဥပမာများ၊ အခွင့်အလမ်းများကိုရှာဖွေပါ။ ကျောင်းသား၊ ကျောင်းသူအားလုံးကိုတန်ဖိုးထား လေးစားရေးအတွက် ကျောင်းရှိအခြားဆရာများနှင့်လဲ မိမိ၏စိတ်ကူးများကို မျှဝေဆွေးနွေးနိုင်သည်။

**(ဇ) သင်ရိုးမာတိကာ(Syllabus)နှင့်စာသင်နှစ်တစ်နှစ်စာသင်ခန်းစာအစီအစဉ်(Year Plan)-** ဆဌမတန်း၊ ဘဝတွက်တာ ကျွမ်းကျင်စရာဘာသာရပ် သင်ရိုးမာတိကာ၊ စာသင်နှစ်တစ်နှစ်စာ သင်ခန်းစာအစီအစဉ် (year Plan)နှင့် သင်ခန်းစာခေါင်းစဉ်အလိုက်အချိန်ခွဲဝေမှုတို့ကို ဇယားများဖြင့်ဖော်ပြထားသည်။

DBE Box - Copyright Protected

## (က) ဆဋ္ဌမတန်း (Grade 6) ဘဝတွက်တာ ကျွမ်းကျင်စရာဘာသာရပ် သင်ရိုးမာတိကာ(Syllabus)

| နယ်ပယ် (Strand) | သင်ယူမှုရည်ရွယ်ချက်များ (Learning Objectives) | သင်ယူမှုရလဒ်များ (Learning Outcomes) | တတ်မြောက်မှု အညွှန်းကိန်းများ (Achievement Indicators) |
|---|---|---|---|
| | ✱ ယခုစာသင်နှစ်အတွက်ကိုယ်ပိုင် ရည်မှန်းချက်ချ၍ ထိုရည်မှန်းချက် ရောက်နိုင်ရန်အဆင့်ဆင့်ဆောင် ရွက်ရမည့်လုပ်ငန်းစဉ်အဆင့်များ ကိုသတ်မှတ်တတ်ရန်။ | ✱ ယခုစာသင်နှစ်အတွက် ကိုယ်ပိုင်ရည်မှန်းချက်ချ၍ ထိုရည်မှန်းချက်ရောက်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်များကို သတ်မှတ်တတ်မည်။ | ✱ အုပ်စုငယ်များဖွဲ့ ၍ လုပ်ငန်းပေး ခြင်း။ |
| | ✱ စာသင်ခန်းတွင်းရှိမတူညီသော အကြံဉာဏ်၊စိတ်ကူးရှိသူများ အားလုံးလွတ်လပ်စွာပြောဆိုနိုင် မည့် အခြေခံစည်းကမ်းများကို ဖော်ထုတ်သတ်မှတ်တတ်ရန်။ | ✱ စာသင်ခန်းတွင်းရှိမတူညီသော အကြံဉာဏ်၊စိတ်ကူးရှိသူများ အားလုံးလွတ်လပ်စွာပြောဆို နိုင်မည့်အခြေခံစည်းကမ်းများ ကို ဖော်ထုတ်သတ်မှတ်တတ် မည်။ | ✱ အုပ်စုလုပ်ငန်း များ ဆောင်ရွက် စဉ် ဆောင်ရွက် နိုင်ခြင်းရှိ မရှိ အကဲဖြတ်ခြင်း။ |
| လူမှုဘဝမှာ ကျွမ်းကျင် စရာ | ✱ မိမိတို့တန်ဖိုးထားသောအရာများ ကိုဖော်ထုတ်၍ မိမိတို့၏အပြုအမူ များသည် ထိုတန်ဖိုးထားမှုကို ဖော်ပြနေကြောင်းရှင်းပြတတ်ရန်။ | ✱ မိမိတို့၏တန်ဖိုးထားသောအရာ များကို ဖော်ထုတ်၍မိမိတို့၏ အပြုအမူများသည် ထိုတန်ဖိုး ထားမှုကို ဖော်ပြနေကြောင်း ရှင်းပြတတ်မည်။ | ✱ အုပ်စုငယ်များဖွဲ့ ၍ မေးခွန်းများ ဖြင့်ဆွေးနွေး ခြင်း။ |
| | ✱ ပြဿနာဖြေရှင်းခြင်းအဆင့်များကို သိရှိပြီး လက်တွေ့အသုံးပြု တတ်ရန်။ | ✱ ပြဿနာဖြေရှင်းခြင်းအဆင့်များ ကိုသိရှိပြီး လက်တွေ့အသုံးပြု တတ်မည်။ | ✱ မေးခွန်းမေးခြင်း အုပ်စုလုပ်ငန်း များဆောင်ရွက် စဉ် ဆောင်ရွက် နိုင်ခြင်းရှိ မရှိ အကဲဖြတ်ခြင်း။ |
| | ✱ တာဝန်၏အဓိပ္ပာယ်နှင့်တာဝန်ယူ လုပ်ဆောင်တတ်သောအပြုအမူ များကိုဖော်ထုတ်တတ်ရန်။ | ✱ တာဝန်၏အဓိပ္ပာယ်နှင့် တာဝန်ယူလုပ်ဆောင်တတ်သော အပြုအမူများကိုဖော်ထုတ်တတ် မည်။ | ✱ လုပ်ငန်းပေး ခြင်း။ |

DBE Box - Copyright Protected

| နယ်ပယ် (Strand) | သင်ယူမှုရည်ရွယ်ချက်များ (Learning Objectives) | သင်ယူမှုရလဒ်များ (Learning Outcomes) | တတ်မြောက်မှု အညွှန်းကိန်းများ (Achievement Indicators) |
|---|---|---|---|
| လူမှုဘဝမှာ ကျွမ်းကျင်စရာ | ✶ မိမိနေထိုင်သောရပ်ရွာအတွင်း အန္တရာယ်ရှိနိုင်သည်ဟုယူဆရသော စိုးရိမ်စရာများနှင့်ကျန်းမာပျော်ရွှင်စွာ နေထိုင်မှုကိုအထောက်အကူဖြစ်စေနိုင်မည့်ကူညီထောက်ပံ့မှုများကို ဖော်ထုတ်တတ်ရန်။ | ✶ မိမိနေထိုင်သောရပ်ရွာအတွင်း အန္တရာယ်ရှိနိုင်သည်ဟုယူဆရသောစိုးရိမ်စရာများနှင့်ကျန်းမာပျော်ရွှင်စွာနေထိုင်မှုကို အထောက်အကူဖြစ်စေနိုင်မည့် ကူညီထောက်ပံ့မှုများကိုဖော်ထုတ်တတ်မည်။ | ✶ အုပ်စုလုပ်ငန်းများ ဆောင်ရွက်စဉ် ဆောင်ရွက်နိုင်ခြင်း ရှိ မရှိ အကဲဖြတ်ခြင်း။ |
| | ✶ မိမိနှင့်အခြားသူများရှိ အရည်အချင်းနှင့် အားသာချက်များကို ဆန်းစစ်၍ ထိုအားသာချက်များအား စုပေါင်းလုပ်ဆောင်ရာတွင် မည်ကဲ့သို့ အကျိုးရှိစွာ အသုံးချနိုင်မည်ကို ဖော်ထုတ်တတ်ရန်။ | ✶ မိမိနှင့်အခြားသူများရှိ အရည်အချင်းနှင့်အားသာချက်များကို ဆန်းစစ်၍ ထိုအားသာချက်များအား စုပေါင်းလုပ်ဆောင်ရာတွင် မည်ကဲ့သို့အကျိုးရှိစွာ အသုံးချနိုင်မည်ကို ဖော်ထုတ်တတ်ရန်။ | ✶ လုပ်ငန်းပေးခြင်း |
| | ✶ စိတ်လှုပ်ရှားခံစားမှုအရဖြစ်ပေါ်တတ်သည့် စိတ်ကျန်းမာသော အပြုအမူနှင့်စိတ်မကျန်းမာသော အပြုအမူများကို ခွဲခြားဖော်ထုတ်တတ်ရန်။ | ✶ စိတ်လှုပ်ရှားခံစားမှုအရ ဖြစ်ပေါ်တတ်သည့်စိတ်ကျန်းမာသောအပြုအမူနှင့်စိတ်မကျန်းမာသောအပြုအမူများကိုခွဲခြား ဖော် ထုတ်တတ်မည်။ | ✶ နှစ်ယောက်တစ်တွဲတွဲ၍လုပ်ငန်း ပေးဆောင်ရွက်ခြင်း |
| | ✶ အကောင်းမြင်စဉ်းစားတွေးတောပုံနှင့်အဆိုးမြင်စဉ်းစားတွေးတောပုံနည်းလမ်းများအားသိရှိပြီးၾင်းတို့၏အကျိုးကျေးဇူးများကိုဖော် ထုတ်နိုင်ရန်။ | ✶ အကောင်းမြင်စဉ်းစားတွေးတော ပုံနှင့်အဆိုးမြင်စဉ်းစားတွေးတောပုံနည်းလမ်းများအားသိရှိပြီး ၎င်းတို့၏အကျိုးကျေးဇူးများကို ဖော်ထုတ်နိုင်မည်။ | ✶ တစ်ဦးချင်း အတွေ့အကြုံကို ပြောပြစေခြင်း |

DBE BoX - Copyright Protected

| နယ်ပယ် (Strand) | သင်ယူမှုရည်ရွယ်ချက်များ (Learning Objectives) | သင်ယူမှုရလဒ်များ (Learning Outcomes) | တတ်မြောက်မှု အညွှန်းကိန်းများ (Achievement Indicators) |
|---|---|---|---|
| | ⌘ အစာအုပ်စု(၃)စုလုံးမှအစားအစာအမျိုးမျိုးပါဝင်အောင်စားသုံးရန်အရေးကြီးကြောင်း ဖော်ထုတ်တတ်ရန်။ အသက်အရွယ်၊ ကိုယ်အလေးချိန်၊ အရပ်အမြင့်ပေါ်မူတည်၍ မျှတစွာ စားသောက်ရန်လိုအပ်ကြောင်း ဖော်ထုတ်တတ်ရန်။ | ⌘ အစာအုပ်စု(၃)စုလုံးမှအစားအစာအမျိုးမျိုးပါဝင်အောင်စားသုံးရန်အရေးကြီးကြောင်းဖော်ထုတ်တတ်မည်။<br>⌘ အသက်အရွယ်၊ကိုယ်အလေးချိန်၊ အရပ်အမြင့်ပေါ်မူတည်၍ မျှတစွာစားသောက်ရန်လိုအပ်ကြောင်းဖော်ထုတ်တတ်မည်။ | ⌘ လုပ်ငန်းပေးခြင်း မေးခွန်းမေးခြင်း။ |
| ပျော်ရွှင်ကျန်းမာကိုယ်ခန္ဓာ | ⌘ အာဟာရဓာတ်အရေးကြီးပုံ၊ အာဟာရဓာတ်များရရှိနိုင်သောအစားအစာများနှင့်အာဟာရဓာတ်ချို့တဲ့ခြင်း၏အကျိုးဆက်များကိုဆန်းစစ်ဖော်ထုတ်ရန်။ | ⌘ အာဟာရဓာတ်အရေးကြီးပုံ၊ အာဟာရဓာတ်များရရှိနိုင်သောအစားအစာများနှင့် အာဟာရဓာတ်ချို့တဲ့ခြင်း၏အကျိုးဆက်များကိုဆန်းစစ်ဖော်ထုတ်မည်။ | ⌘ အုပ်စုလုပ်ငန်းများဆောင်ရွက်စဉ် ဆောင်ရွက်နိုင်ခြင်းရှိ မရှိ အကဲဖြတ်ခြင်း။ |
| | ⌘ ကျန်းမာပြီး အာဟာရပြည့်ဝသောအစားအစာများ၊ ကျန်းမာရေးနှင့်မညီညွတ်သည့်အစားအစာများကိုခွဲခြားတတ်ရန်။ (ဥပမာသဘာဝအလျောက်ရရှိသောအစားစာနှင့်ဓာတ်မြေသြဇာများဖြင့် စိုက်ပျိုးထားသောအစားအစာများ) | ⌘ ကျန်းမာပြီး အာဟာရပြည့်ဝသောအစားအစာများ၊ ကျန်းမာရေးနှင့်မညီညွတ်သည့်အစားအစာများကိုခွဲခြားတတ်မည် (ဥပမာသဘာဝအလျောက်ရရှိသောအစားစာနှင့်ဓာတ်မြေသြဇာများဖြင့်စိုက်ပျိုးထားသောအစာအစာများ)ဖြည့်ဝသောအစားအစာများ၊ကျန်းမာရေးနှင့်မညီညွတ်သည့်အစားအစာများကို ခွဲခြားတတ်မည်(ဥပမာသဘာဝအလျောက်ရရှိသောအစားအစာနှင့် ဓာတ်မြေသြဇာများဖြင့်စိုက်ပျိုးထားသော အစားအစာများ) | ⌘ အုပ်စုလုပ်ငန်းများဆောင်ရွက်စဉ် ဆောင်ရွက်နိုင်ခြင်းရှိ မရှိ အကဲဖြတ်ခြင်း။ |

DBE Box - Copyright Protected

| နယ်ပယ် (Strand) | သင်ယူမှုရည်ရွယ်ချက်များ (Learning Objectives) | သင်ယူမှုရလဒ်များ (Learning Outcomes) | တတ်မြောက်မှု အညွှန်းကိန်းများ (Achievement Indicators) |
| --- | --- | --- | --- |
| ပျော်ရွှင် ကျန်းမာ ကိုယ်ခန္ဓာ | ⌘ ကြက်ငှက်တုပ်ကွေးရောဂါမကူးစက်အောင် မိမိကိုယ်မိမိကာကွယ်တားဆီးနိုင်သည့်ထိရောက်သောနည်းလမ်းများကိုဖော်ထုတ်တတ်ရန်။ | ⌘ ကြက်ငှက်တုပ်ကွေးရောဂါမကူးစက်အောင် မိမိကိုယ်မိမိကာကွယ်တားဆီးနိုင်သည့် ထိရောက်သောနည်းလမ်းများကို ဖော်ထုတ်တတ်မည်။ | ⌘ မေးခွန်းမေးမြန်းခြင်း။ |
| | ⌘ HIV ပိုးနှင့် AIDS ရောဂါတို့ကိုခွဲခြားတတ်ရန် နှင့်ခန္ဓာကိုယ်တွင်းသို့ HIV ပိုးဝင်ရောက်ပြီးနောက်၊ ခန္ဓာကိုယ်မှ HIV ပိုးကိုတုန့်ပြန်သော ပဋိပစ္စည်းမတွေ့မီကြားကာလကိုဖော်ထုတ်နိုင်ရန်။ | ⌘ HIVပိုးနှင့်AIDSရောဂါတို့ကိုခွဲခြားတတ်ရန် နှင့်ခန္ဓာကိုယ်တွင်းသို့ HIV ပိုးဝင်ရောက်ပြီးနောက် ခန္ဓာကိုယ်မှ HIV ပိုးကိုတုန့်ပြန်သော ပဋိပစ္စည်းမတွေ့မီကြားကာလကိုဖော်ထုတ်နိုင်မည်။ | ⌘ မေးခွန်းမေးမြန်းခြင်း။ |
| | ⌘ HIV ပိုးကူးစက်နိုင်သည့်နည်းလမ်းများကိုပြန်လည်သုံးသပ်ရန်နှင့် ရောဂါများကူးစက်နိုင်သောအခြေအနေ(၄)မျိုးဖြင့် ချိန်ထိုးဆန်းစစ်၍ HIV ပိုး ကူးစက်နိုင်ခြေရှိ မရှိ ဆုံးဖြတ်တတ်ရန်။ | ⌘ HIV ပိုးကူးစက်နိုင်သည့်နည်းလမ်းများကို ပြန်လည်သုံးသပ်ရန်နှင့် ရောဂါများကူးစက်နိုင်သောအခြေအနေ ၄ မျိုးဖြင့် ချိန်ထိုးဆန်းစစ်၍ HIV ပိုးကူးစက်နိုင်ခြေရှိ မရှိ ဆုံးဖြတ်တတ်မည်။ | ⌘ လုပ်ငန်းပေးခြင်း။ |
| | ⌘ အသည်းရောင်အသားဝါA,B နှင့် Cဗိုင်းရပ်စ်ပိုးတို့ ကူးစက်ပုံမတူညီကြောင်းခွဲခြားတတ်ရန်နှင့် ရပ်ရွာလူထုအတွင်းတွင်အသည်းရောင်အသားဝါ A,B,C ဗိုင်းရပ်စ်ပိုးကူးစက်မှု အန္တရာယ်ကြီးမားပုံကိုဖော်ထုတ်တတ်ရန်။ | ⌘ အသည်းရောင်အသားဝါ A, B နှင့် C ဗိုင်းရပ်စ်ပိုးတို့ ကူးစက်ပုံမတူညီကြောင်း ခွဲခြားတတ်ရန်နှင့် ရပ်ရွာလူထုအတွင်းတွင် အသည်းရောင်အသားဝါ A,B,C ဗိုင်းရပ်စ်ပိုးကူးစက်မှု အန္တရာယ် ကြီးမားပုံကိုဖော်ထုတ်တတ်မည်။ | ⌘ အုပ်စုလုပ်ငန်းများဆောင်ရွက်စဉ် ဆောင်ရွက်နိုင်ခြင်းရှိ မရှိ အကဲဖြတ်ခြင်း။ |

DBE Box - Copyright Protected

| နယ်ပယ် (Strand) | သင်ယူမှုရည်ရွယ်ချက်များ (Learning Objectives) | သင်ယူမှုရလဒ်များ (Learning Outcomes) | တတ်မြောက်မှု အညွှန်းကိန်းများ (Achievement Indicators) |
|---|---|---|---|
| ဆယ်ကျော်သက်ရွယ် သတိထားဖွယ် | ⌘ ပျိုဖော်ဝင်ချိန်တွင် ခန္ဓာကိုယ်ပြောင်းလဲမှုများကို ဖော်ထုတ်တတ်ရန်။ | ⌘ ပျိုဖော်ဝင်ချိန်တွင်ခန္ဓာကိုယ်ပြောင်းလဲမှုများကို ဖော်ထုတ်တတ်မည်။ | ⌘ မေးခွန်းမေးမြန်းခြင်း။ |
| | ⌘ ဆယ်ကျော်သက်အရွယ်တွင်ဖြစ်ပေါ်တတ်သော စိတ်လှုပ်ရှားပြောင်းလဲမှုများကိုဖော်ထုတ်တတ်ရန်။ | ⌘ ဆယ်ကျော်သက်အရွယ်တွင် ဖြစ်ပေါ်တတ်သော စိတ်လှုပ်ရှားပြောင်းလဲမှုများကို ဖော်ထုတ်တတ်ရန်။ | ⌘ အုပ်စုလုပ်ငန်းများဆောင်ရွက်စဉ် ဆောင်ရွက်နိုင်ခြင်းရှိ မရှိ အကဲဖြတ်ခြင်း။ |
| | ⌘ အသက်အရွယ်အရပြောင်းလဲလာနိုင်သော ယောကျ်ားလေး၊ မိန်းကလေးဆက်ဆံရေးကို သတိပြုမိရန်နှင့်ဆက်ဆံရေးတည်တံ့ခိုင်မြဲစေရန်၊ စောင့်ထိန်းအပ်သည့် စည်းမျဉ်းအချို့ကို ဖော်ထုတ်တတ်ရန်။ | ⌘ အသက်အရွယ်အရ ပြောင်းလဲလာနိုင်သော ယောကျ်ားလေး၊ မိန်းကလေးဆက်ဆံရေးကို သတိပြုမိရန်နှင့်ဆက်ဆံရေး တည်တံ့ခိုင်မြဲစေရန်၊ စောင့်ထိန်းအပ်သည့် စည်းမျဉ်းအချို့ကို ဖော်ထုတ်တတ်မည်။ | ⌘ အုပ်စုလုပ်ငန်းများဆောင်ရွက်စဉ် ဆောင်ရွက်နိုင်ခြင်းရှိ မရှိ အကဲဖြတ်ခြင်း။ |
| | ⌘ မိမိတို့ဒေသတွင်သုံးစွဲနေကြသော မူးယစ်ဆေးနှင့်စိတ်ကိုစွဲလမ်းစေတတ်သောအရာများ၊ ၎င်းတို့ကိုသုံးစွဲရခြင်းအကြောင်းအရင်းများဖြစ်လာနိုင်သော အကျိုးဆက်များနှင့် အစားထိုးဖြေရှင်းနိုင်မည့်နည်းလမ်းများကိုဖော်ထုတ်တတ်ရန်။ | ⌘ မိမိတို့ဒေသတွင်သုံးစွဲနေကြသော မူးယစ်ဆေးနှင့် စိတ်ကိုစွဲလမ်းစေတတ်သောအရာများ၊ ၎င်းတို့ကိုသုံးစွဲရခြင်း အကြောင်းအရင်းများဖြစ်လာနိုင်သော အကျိုးဆက်များနှင့် အစားထိုးဖြေရှင်းနိုင်မည့်နည်းလမ်းများကို ဖော်ထုတ်တတ်မည်။ | ⌘ အုပ်စုလုပ်ငန်းများဆောင်ရွက်စဉ် ဆောင်ရွက်နိုင်ခြင်းရှိ မရှိ အကဲဖြတ်ခြင်း။ |
| | ⌘ ကွမ်းယာနှင့်ဆေးလိပ်သုံးစွဲခြင်း၏ ကျန်းမာပျော်ရွှင်စွာနေနိုင်ရေးအပေါ်ထိခိုက်စေသည့် ရေရှည်အကျိုးဆက်များကိုဖော်ထုတ်တတ်ရန်၊ ကွမ်းယာနှင့်ဆေးလိပ်ကိုငြင်းဆိုနိုင်မည့်နည်းလမ်းများကိုဖော်ထုတ်တတ်ရန်။ | ⌘ ကွမ်းယာနှင့်ဆေးလိပ်သုံးစွဲခြင်း၏ ကျန်းမာပျော်ရွှင်စွာနေနိုင်ရေးအပေါ်ထိခိုက်စေသည့်ရေရှည်အကျိုးဆက်များကို ဖော်ထုတ်တတ်ရန်၊ ကွမ်းယာနှင့်ဆေးလိပ်ကိုငြင်းဆိုနိုင်မည့် နည်းလမ်းများကို ဖော်ထုတ်တတ်မည်။ | ⌘ သိမှုအဆင့်များ သတ်မှတ်၍ မည်သည့်အဆင့်ရှိသည်ကို စစ်ဆေး အကဲဖြတ်ခြင်း |

DBE Box - Copyright Protected

| နယ်ပယ် (Strand) | သင်ယူမှုရည်ရွယ်ချက်များ (Learning Objectives) | သင်ယူမှုရလဒ်များ (Learning Outcomes) | တတ်မြောက်မှု အညွှန်းကိန်းများ (Achievement Indicators) |
|---|---|---|---|
| | ⌘ ကျွန်ုပ်တို့၏ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ကိုထိခိုက်စေမည့် ဓာတုပစ္စည်းများသည်ကျွန်ုပ်တို့၏ ခန္ဓာကိုယ်အတွင်းသို့ဝင်ရောက် တိုးပွားလာပုံကိုဖော်ထုတ်တတ်ရန်။ | ⌘ ကျွန်ုပ်တို့၏ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ကိုထိခိုက်စေ မည့်ဓာတုပစ္စည်းများသည် ကျွန်ုပ်တို့၏ ခန္ဓာကိုယ် အတွင်းသို့ ဝင်ရောက် တိုးပွားလာပုံကို ဖော်ထုတ် တတ်မည်။ | ⌘ လုပ်ငန်းပေးခြင်း။ |
| သဘာဝနှင့် လိုက်လျော ညီထွေ နေထိုင်ခြင်း | ⌘ မီးဘေးအန္တရာယ်ကာကွယ်ရန် အတွက်မိမိကြိုတင်ပြင်ဆင်ထား သည်များကိုဆန်းစစ်တတ်ရန်နှင့် ဘေးကင်းသောနေရာသို့ပြောင်းရွှေ့ နိုင်မည့်အရေးပေါ်အခြေအနေကို ရေးဆွဲတတ်ရန်။ | ⌘ မီးဘေးအန္တရာယ်ကာကွယ် ရန်အတွက် မိမိကြိုတင်ပြင် ဆင်ထားသည်များကို ဆန်းစစ်တတ်ရန်နှင့် ဘေးကင်းသောနေရာသို့ ပြောင်းရွှေ့နိုင်မည့် အရေး ပေါ်အခြေအနေကို ရေးဆွဲ တတ်မည်။ | ⌘ အုပ်စုလုပ်ငန်း များဆောင်ရွက် စဉ် ဆောင်ရွက် နိုင်ခြင်းရှိ မရှိ အကဲဖြတ်ခြင်း။ |
| | ⌘ ကမ္ဘာကြီးပူနွေးလာမှုကြောင့်ဖြစ်ပေါ် လာသောအကျိုးဆက်များကိုဖော် ထုတ်တတ်ပြီး ထိုအခြေအနေနှင့် ကိုက်ညီအောင်နေထိုင်နိုင်မည့်နည်း လမ်းများကို ဖော်ထုတ်တတ်ရန်။ | ⌘ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ဖြစ်ပေါ်လာသောအကျိုး ဆက်များကိုဖော်ထုတ်တတ်ပြီး ထိုအခြေအနေနှင့်ကိုက်ညီ အောင်နေထိုင်နိုင်မည့်နည်းလမ်း များကို ဖော်ထုတ်တတ်မည်။ | ⌘ မေးခွန်းမေးမြန်း ခြင်း။ |

### (ခ) စာသင်နှစ်တစ်နှစ်စာသင်ခန်းစာအစီအစဉ် (Year Plan)နှင့် သင်ခန်းစာအလိုက်အချိန်ခွဲဝေမှု

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၁ | ၂ ချိန် | **အခန်း(၁)လူမှုဆက်ဆံရေး** | ဒီနှစ်အတွက်ရည်မှန်းချက် |
| ၂ | ၂ ချိန် | ။ | မတူညီကြပါ |
| ၃ | ၂ ချိန် | ။ | ရောင်ပြန်ဟပ်နေတယ် |
| ၄ | ၂ ချိန် | ။ | စဉ်းစားရွေးချယ်နည်းလမ်းသွယ် |
| ၅ | ၂ ချိန် | ။ | တာဝန်ယူကြမယ် |
| ၆ | ၂ ချိန် | ။ | ရပ်ရွာထဲမှာရှာဖွေပါ |
| ၇ | ၂ ချိန် | **အခန်း(၂)စိတ်ပိုင်းဆိုင်ရာအသိပညာ** | အလှကိုယ်စီရှိကြသည် |
| ၈ | ၂ ချိန် | ။ | လျှော့ချင်ရင်လျှော့ပါ |

DBE Box - Copyright Protected

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၉ | ၂ ချိန် | ။ | ဒီလိုတွေးပါ |
| ၁၀ | ၂ ချိန် | **အခန်း(၃) အစားအစာနှင့်အာဟာရ** | လိုလောက်မျှတစားပါမှ |
| ၁၁ | ၂ ချိန် | ။ | ဘာတွေစားဖို့လိုနေလဲ |
| ၁၂ | ၂ ချိန် | **အခန်း(၄) စားသုံးသူနှင့်ဆိုင်သောအသိပညာ** | ရှာဖွေလေသိရှိလေ |
| ၁၃ | ၂ ချိန် | **အခန်း(၅) ရောဂါကင်းဝေးကျန်းမာရေး** | သန့်ရှင်းကြပါစို့ |
| ၁၄ | | **စာမေးပွဲအတွက်ကြိုတင်ပြင်ဆင်ခြင်း– ပြန်လှန်သင်ကြားခြင်း** | |
| ၁၅ | | **ပထမအစမ်းစာမေးပွဲ(First Exam)** | |
| ၁၆ | ၂ ချိန် | ။ | HIV ရဲ့ကြားကာလ |
| ၁၇ | ၂ ချိန် | ။ | ထွက်၊ ရှင်၊ လုံ၊ ဝင်နဲ့ HIV |
| ၁၈ | ၂ ချိန် | ။ | အသည်းလေးရဲ့ A B C |
| ၁၉ | ၂ ချိန် | **အခန်း(၆) မျိုးဆက်ပွားကျန်းမာရေးနှင့်ဆယ်ကျော်သက်အရွယ်များပေါင်းသင်းဆက်ဆံရေး** | ပျိုဖော်ဝင်ချိန်မှာ |
| ၂၀ | ၂ ချိန် | ။ | ဒါသဘာဝပါ |
| ၂၁ | ၂ ချိန် | ။ | ခင်လို့ရပါတယ် |
| ၂၂ | ၂ ချိန် | **အခန်း(၇) မူးယစ်အန္တရာယ် တို့ကာကွယ်** | ဘာတွေဆက်ဖြစ်နိုင်သလဲ |
| ၂၃ | ၂ ချိန် | ။ | ဝေးလေကောင်းလေ |
| ၂၄ | ၂ ချိန် | **အခန်း(၈) အဆိပ်သင့်မှုများသတိထား** | မဝင်မိစေနဲ့ |
| ၂၅ | ၂ ချိန် | **အခန်း(၉) ဘေးအန္တရာယ်လျှော့ချရေး** | မပေါ့ဆနဲ့ |
| ၂၆ | | **စာမေးပွဲအတွက်ကြိုတင်ပြင်ဆင်ခြင်း– ပြန်လှန်သင်ကြားခြင်း** | |
| ၂၇ | | **ဒုတိယအစမ်းစာမေးပွဲ(Second Exam)** | |
| ၂၈ | ၂ ချိန် | ။ | ကမ္ဘာကြီးပူနွေးလာခြင်း |
| ၂၉ | | | |
| ၃၀ | | | |
| ၃၁ | | | |
| ၃၂ | | | |
| ၃၃ | | | |
| ၃၄ | | | |
| ၃၅ | | **စာမေးပွဲအတွက်ကြိုတင်ပြင်ဆင်ခြင်း– ပြန်လှန်သင်ကြားခြင်း** | |
| ၃၆ | | **နှစ်ဆုံးစာမေးပွဲ(Year End Exam)** | |

DBE Box - Copyright Protected

## ၂။ သင်ခန်းစာအစီအစဉ်များ(Lesson Plans)

သင်ခန်းစာအစီအစဉ်များတွင် သင်ယူမှုရလဒ်၊ သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း၊ ဖွံ့ဖြိုးစေမည့် ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှုများ၊ သင်ကြားသင်ယူမှုဖြစ်စဉ် (သင်ခန်းစာမိတ်ဆက်ခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း- **I-T-P-R**)၊ သင်ယူမှုနှင့် စဉ်းစားတွေးခေါ်ခြင်းကို အားဖြည့်ရန် နောက်ဆက်တွဲလုပ်ငန်းများ၊ စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများ၊ အဓိကအချက်များနှင့် ဆရာအတွက်မှတ်စု ပါဝင်သည်။

သင်ခန်းစာခေါင်းစဉ်တိုင်းတွင် သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းဟူသော အဆင့် ၄ ဆင့် ပါရှိမည်။ (သင်ခန်းစာကို လိုက်၍ အနည်းငယ် ကွဲပြားနိုင်သည်။)

- **I** သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း (Introduction)
- **T** သင်ကြားခြင်း (Teach)/သင်ကြားမှုလုပ်ငန်း/နမူနာပြခြင်းတို့နှင့်ဆက်စပ်သည့်စကားလုံး
- **P** လေ့ကျင့်ခြင်း (Practice)
- **R** ပြန်လည်သုံးသပ်ခြင်း (Review) (နောက်ဆက်တွဲလုပ်ငန်းများပါဝင်နိုင်သည်။)

| | | |
|---|---|---|
| **I** | သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း (Introduction) | ယခင်သင်ယူပြီး အသိပညာကို စစ်ဆေးခြင်း၊ ဥပမာ- 'အဝင်-အထွက်' (ENTRY - EXIT)နည်းလမ်းကို သုံးခြင်း။ **အဝင်(မသင်ကြားမီ)–** ယခင်က သင်ယူခဲ့သော ရောဂါများအကြောင်းနှင့်ပတ်သက်၍ မည်သည့်အကြောင်းအရာ ၃ ခုကို သင် ပြန်လည်မှတ်မိသနည်း။ **အထွက်(သင်ကြားပြီး)–** သင်သည် ရောဂါများနှင့်ပတ်သက်၍ မည်သည့် အကြောင်းအရာ အသစ် ၃ ခုကို သင်ယူခဲ့သနည်း။ |
| **T** | သင်ကြားခြင်း (Teach) | ဤအပိုင်းတွင် အများစုသည် ဆရာဗဟိုပြုဖြစ်မည်။ |
| **P** | လေ့ကျင့်ခြင်း (Practice) | ဤအပိုင်းတွင် အများစုသည် ကျောင်းသားဗဟိုပြုဖြစ်မည်။ |
| **R** | ပြန်လည်သုံးသပ်ခြင်း (Review) | ဤအပိုင်းတွင် သင်ခန်းစာအကျဉ်းချုပ်နှင့် ပြန်လည်သုံးသပ်သည့် မေးခွန်းများပါဝင်မည်။ |

သင်ကြားခြင်း-လေ့ကျင့်ခြင်း (T-P) အဆင့်များသည် သင်ခန်းစာတစ်ခုတွင် ထပ်ခါထပ်ခါဖြစ်နိုင်သည်။ ဥပမာ-




## ၃။ ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက် (Glossary of Words)

ကျောင်းသားများက သင်ခန်းစာပါသဘောတရားများကို ပိုမိုနားလည်စေရန်အတွက် ကျောင်းသုံးစာအုပ်နှင့် ဆရာလမ်းညွှန်စာအုပ်များတွင် ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက်များကို ထည့်သွင်းဖော်ပြထားသည်။ ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက်များတွင် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့်ဖော်ပြသော အဓိပ္ပာယ်သတ်မှတ်ချက်များနှင့် ပညာရပ်ဆိုင်ရာအဓိကဝေါဟာရများ ပါဝင်သည်။

DBE Box - Copyright Protected

## ၂။ သင်ခန်းစာအစီအစဉ်များ(Lesson Plans)


သင်ခန်းစာအစီအစဉ်များတွင် သင်ယူမှုရလဒ်၊ သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း၊ ဖွံ့ဖြိုးစေမည့် ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှုများ၊ သင်ကြားသင်ယူမှုဖြစ်စဉ် (သင်ခန်းစာမိတ်ဆက်ခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း- **I-T-P-R**)၊ သင်ယူမှုနှင့် စဉ်းစားတွေးခေါ်ခြင်းကို အားဖြည့်ရန် နောက်ဆက်တွဲလုပ်ငန်းများ၊ စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများ၊ အဓိကအချက်များနှင့် ဆရာအတွက်မှတ်စု ပါဝင်သည်။

သင်ခန်းစာခေါင်းစဉ်တိုင်းတွင် သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းဟူသော အဆင့် ၄ ဆင့် ပါရှိမည်။ (သင်ခန်းစာကို လိုက်၍ အနည်းငယ် ကွဲပြားနိုင်သည်။)

- **I** သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း (<u>I</u>ntroduction)
- **T** သင်ကြားခြင်း (<u>T</u>each)/သင်ကြားမှုလုပ်ငန်း/နမူနာပြခြင်းတို့နှင့်ဆက်စပ်သည့်စကားလုံး
- **P** လေ့ကျင့်ခြင်း (<u>P</u>ractice)
- **R** ပြန်လည်သုံးသပ်ခြင်း (<u>R</u>eview) (နောက်ဆက်တွဲလုပ်ငန်းများပါဝင်နိုင်သည်။)

| | | |
|---|---|---|
| **I** | သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း (<u>I</u>ntroduction) | ယခင်သင်ယူပြီး အသိပညာကို စစ်ဆေးခြင်း၊ ဥပမာ-'အဝင်-အထွက်' (ENTRY - EXIT)နည်းလမ်းကို သုံးခြင်း။<br>**အဝင်(မသင်ကြားမီ)–** ယခင်က သင်ယူခဲ့သော ရောဂါများအကြောင်းနှင့်ပတ်သက်၍ မည်သည့်အကြောင်းအရာ ၃ ခုကို သင် ပြန်လည်မှတ်မိသနည်း။<br>**အထွက်(သင်ကြားပြီး)–** သင်သည် ရောဂါများနှင့်ပတ်သက်၍ မည်သည့် အကြောင်းအရာ အသစ် ၃ ခုကို သင်ယူခဲ့သနည်း။ |
| **T** | သင်ကြားခြင်း (<u>T</u>each) | ဤအပိုင်းတွင် အများစုသည် ဆရာဗဟိုပြုဖြစ်မည်။ |
| **P** | လေ့ကျင့်ခြင်း (<u>P</u>ractice) | ဤအပိုင်းတွင် အများစုသည် ကျောင်းသားဗဟိုပြုဖြစ်မည်။ |
| **R** | ပြန်လည်သုံးသပ်ခြင်း (<u>R</u>eview) | ဤအပိုင်းတွင် သင်ခန်းစာအကျဉ်းချုပ်နှင့် ပြန်လည်သုံးသပ်သည့် မေးခွန်းများပါဝင်မည်။ |

သင်ကြားခြင်း-လေ့ကျင့်ခြင်း (T-P) အဆင့်များသည် သင်ခန်းစာတစ်ခုတွင် ထပ်ခါထပ်ခါဖြစ်နိုင်သည်။ ဥပမာ-




## ၃။ ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက် (Glossary of Words)

ကျောင်းသားများက သင်ခန်းစာပါသဘောတရားများကို ပိုမိုနားလည်စေရန်အတွက် ကျောင်းသုံးစာအုပ်နှင့် ဆရာလမ်းညွှန်စာအုပ်များတွင် ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက်များကို ထည့်သွင်းဖော်ပြထားသည်။ ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက်များတွင် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့်ဖော်ပြသော အဓိပ္ပာယ်သတ်မှတ်ချက်များနှင့် ပညာရပ်ဆိုင်ရာအဓိကဝေါဟာရများ ပါဝင်သည်။

DBE Box - Copyright Protected

# အခန်း (၁)

## အဆိုပညာ

**စုစုပေါင်းစာသင်ချိန် ၁၁ ချိန်၊ တစ်ချိန် ၄၅ မိနစ်**

**သင်ယူမှုရလဒ်များ**

"ပုစဉ်းတောင်သံကြိုး" (ထံတျာတေရှင်) သီချင်း၏ အဓိပ္ပာယ်ကိုသိရှိနားလည်ပြီး သံစဉ်စည်းဝါး မှန်ကန်စွာဖြင့် သီဆိုတတ်မည်။

" မြန်မာပြည်သား " သီချင်း၏ အဓိပ္ပာယ်ကိုသိရှိမည်။

သင်္ကေတကိုကြည့်၍ မှန်ကန်စွာ ရွတ်ဆိုတတ်ပြီး သံစဉ်စည်းဝါးမှန်ကန်စွာ ခံစားသီဆို သရုပ်ဖော်တတ်မည်။

မဟာဂီတသီချင်းနှင့် မြန်မာသံစဉ် ကာလပေါ် သီချင်းတို့ကို မြတ်နိုးတန်ဖိုးထားတတ်လာမည်။

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

စည်း၊ ဝါး၊ ကျောင်းသုံးစာအုပ်ပါ သရုပ်ဖော်ပုံများအပြင် သင်ထောက်ကူကားချပ် သို့မဟုတ် ဗီနိုင်းကားချပ် ပုံများကိုလည်းအသုံးပြုနိုင်ပါသည်။

သင်ခန်းစာပါ သီချင်းများကို ဆရာက ဗီဒီယိုဖိုင် သို့မဟုတ် အသံဖိုင်အား ကြည့်ရှုနားထောင်ပြီး ကြိုတင် လေ့ကျင့်ထားပါ။

**ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ**

"ပုစဉ်းတောင်သံကြိုး" (ထံတျာတေရှင်) သီချင်းနှင့် " မြန်မာပြည်သား " သီချင်းများကို သံစဉ်စည်းဝါး မှန်ကန်စွာ သီဆိုနိုင်ရန်အတွက် အချင်းချင်း အကဲဖြတ်ဆွေးနွေးအကြံပြုကာ ညှိယူလေ့ကျင့်ရသဖြင့် ပူးပေါင်း ဆောင်ရွက်ခြင်းနှင့် ဆက်သွယ် ပြောဆိုခြင်းဆိုင်ရာ ကျွမ်းကျင်မှုများရရှိလာမည်။

**၁–၁။ " ပုစဉ်းတောင်သံကြိုး" (ထံတျာတေရှင်) သီချင်း** **စာသင်ချိန် ၈ ချိန်**

**သင်ခန်းစာရည်ရွယ်ချက်**

- မြန်မာ့အခြေခံ စည်း နှင့် ဝါးကို ကိုင်တွယ်တီးခတ်တတ်ရန်
- "ပုစဉ်းတောင်သံကြိုး" (ထံတျာတေရှင်) သီချင်း၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး ခံစားမှုကို ပြောပြတတ်ရန်
- "ပုစဉ်းတောင်သံကြိုး" (ထံတျာတေရှင်) သီချင်းကို သံစဉ်စည်းဝါးမှန်ကန်စွာ ခံစားသီဆိုတတ်ရန်
- မဟာဂီတသီချင်းကို မြတ်နိုးတန်ဖိုးထားတတ်ရန်

**၁–၁–၁။ မြန်မာ့အခြေခံ စည်းဝါး တီးခတ်ပုံကို လေ့လာခြင်း** **စာသင်ချိန် (၁)**

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

ကျောင်းသားများအား မိမိတို့သိသမျှ အတီးတူရိယာများကို ပြောပြပါစေ။ ကျောင်းသား ၃ ဦး ၄ ဦးခန့် ဖြေဆို ပါစေ။

စည်းဝါးသည် မြန်မာ့ ဂီတ အဆို၊ အက၊ အတီး နယ်ပယ် ၃ ရပ်လုံးတွင် အခြေခံကျ၍ အလွန်အရေးကြီးသော ချိန်ကိုက်တူရိယာဖြစ်ကြောင်း၊ မြန်မာမှုတီးဝိုင်းများတွင် စည်းဝါး တီးခတ်သူအား အတီးပညာရှင်အဖြစ် သတ်မှတ်ကြ ကြောင်း ဆရာက ဖြည့်စွက်ရှင်းလင်း၍ နိဒါန်းပျိုးပေးပါ။

စည်းဝါး တီးခတ်နည်းကို ယနေ့ သင်ပေးမည်ဟု ပြောပါ။

DBE Box - Copyright Protected

**သင်ကြားခြင်း** **၂၀ မိနစ်**

ကျောင်းသုံးစာအုပ်ပါပုံများ သို့မဟုတ် (စည်းနဲ့ဝါး)^၂ (စည်းနဲ့ဝါးလေး စည်းနဲ့ဝါး)^၂ သီချင်းစာသားပါသော သင်ထောက်ကူများကို ရည်ညွှန်း၍ ကျောင်းသားများကို အသံနေအသံထားမှန်ကန်စွာဖြင့် ၃ ကြိမ်ခန့် သီဆိုပြပါ။ ကျောင်းသားများအား စာသားကိုကြည့်၍ ဂရုတစိုက်နားထောင်ပါစေ။ ဆရာနှင့်အတူ ၃ ကြိမ်ခန့် လေ့ကျင့်သီဆိုပါစေ။ ကျောင်းသားများကိုယ်တိုင် ၃ ကြိမ်ခန့် လေ့ကျင့်သီဆိုပါစေ။ ဆရာက စည်း နှင့် ဝါး တူရိယာကို ပြ၍ ကိုင်တွယ်ပုံကို ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ ၁ မှ ၂ အထိ ရှင်းပြရပါမည်။

ဆရာက စည်း နှင့် ဝါးကို ကိုင်တွယ်တီးခတ်၍ (စည်းနဲ့ဝါး)^၂ (စည်းနဲ့ဝါးလေး စည်းနဲ့ဝါး)^၂ သီချင်းစာသားကို သီဆိုပြပါ။ ဆရာနှင့်ကျောင်းသား အတူတကွ စည်းဝါးကို တီးခတ်သီဆိုပါ။ ကျောင်းသားများကိုယ်တိုင် အသံနေ အသံထားမှန်ကန်စွာ တီးခတ်သီဆိုပါစေ။ စည်းတစ်ချက်၊ ဝါးတစ်ချက် တီးရသော စည်းမှာ ဝါးလတ်စည်းဖြစ်ကြောင်း ပြောပြပါ။

**လေ့ကျင့်ခြင်း** **၁၅ မိနစ်**

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ တစ်ဖွဲ့ချင်းက ကျောင်းသုံးစာအုပ်ပါ ( စည်းဝါးလေ့ကျင့်ရန်) ကို သီဆိုပြီး ကျန်အဖွဲ့က စည်းဝါးတီးခတ်ပါစေ။ ဤလုပ်ငန်းစဉ်ကို အလှည့်ကျ ပြုလုပ်ပါစေ။ အချင်းချင်း အကဲဖြတ်ပါစေ။ အကြံပြု ဆွေးနွေး ပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

အဖွဲ့လိုက်သီဆိုနေစဉ် ဆရာက လိုက်လံကြည့်ရှု၍ အကဲဖြတ်ပါ။ အကဲဖြတ်တွေ့ရှိချက်များကို ကျောင်းသား များအား ပြောပြပါ။ လိုအပ်သည်များကို ပြုပြင်ရန်ပြောပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ သို့မဟုတ် ဆရာ က ဖြည့်စွက်သင်ကြားပေးပါ။

ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ ၂ မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းပြ ဆွေးနွေးပါ။

**၁-၁-၂။ " ပုစဉ်းတောင်သံကြိုး" (ထံတျာတေရှင်) သီချင်း၏ အဓိပ္ပာယ်ကို လေ့လာခြင်း** **စာသင်ချိန် (၂)**

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

စည်းဝါး တီးခတ်တတ်ပြီးပါက မဟာဂီတသီချင်း ဖြစ်သော " ပုစဉ်းတောင်သံကြိုး " (ထံတျာတေရှင်) သီချင်း ၏ အဓိပ္ပာယ်ကို လေ့လာကြမည်ဟု ပြောပါ။

"ပုစဉ်းတောင်သံကြိုး" (ထံတျာတေရှင်) သီချင်းသည် မြန်မာ့ဂီတတွင် စတင်သင်ကြားရသော အခြေခံအကျ ဆုံး ကြိုးသီချင်းတစ်ပုဒ်ဖြစ်ပြီး ဝါးလတ်စည်းနှင့် သီဆိုရသော သီချင်းဖြစ်ကြောင်း၊ ဝန်ကြီးပဒေသရာဇာရေးဖွဲ့ထား သော ရာသီဖွဲ့၊ တောဖွဲ့ တေးသီချင်းဖြစ်ကြောင်း နှင့် **ထံ၊ တျာ၊ တေ၊ ဒျန်၊ ဒလု၊ ထုံ၊ တျော** စသည့် ဝေါဟာရများသည် မဟာဂီတ တီးလုံးတီးကွက်များအတွက် နှုတ်မှုအသံထွက် သင်္ကေတများဖြစ်ကြောင်း ပြောပြပါ။

**သင်ကြားခြင်း** **၂၀ မိနစ်**

အပိုဒ် ၁၊ အပိုဒ် ၂၊ အပိုဒ် ၃ နှင့် အပိုဒ် ၄ ၏ ဆိုလိုရင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

အထက်မိုးကောင်းကင်တွင် တိမ်တိုက်များတက်လာသည့် မိုးဦးစရာသီ၌ ပုစဉ်းကောင်ကလေးများသည် အပေါင်းအဖော်များနှင့်အတူ မြူးတူးပျော်ပါးကာ တစ်စုတစ်ရုံး ပျံဝဲနေကြပါသည်။ ပုစဉ်းကောင်ကလေးများ၏ တောင်ပံခတ်သံမှ ထွက်ပေါ်လာသည့် အသံများ **(ထံ၊ တျာ၊ တေ၊ ဒျန်၊ ဒလု၊ ထုံ၊ တျော)** သည် တစ်တောလုံး ပျံ့နှံ့နေပါသည်။

DBE Box - Copyright Protected

အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇ နှင့် အပိုဒ် ၈ ၏ ဆိုလိုရင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

ထိုရာသီတွင် ကောင်းကင်ပြင်သည် အုံ့မှိုင်းလာပြီး တစ်ခါတစ်ရံ တဖွဲဖွဲရွာ၍ တစ်ခါတစ်ရံ သည်းထန်စွာ ရွာသွန်းလာတတ်ပါသည်။

**လေ့ကျင့်ခြင်း** **၁၅ မိနစ်**

"ပုစဉ်းတောင်သံကြိုး" (ထံတျာတေရှင်) သီချင်း၏ အဓိပ္ပာယ်ကို မိမိနားလည်သည့်အတိုင်း အဖွဲ့လိုက်ဆွေးနွေး ၍ ပြန်လည်တင်ပြပါစေ။ တစ်ဖွဲ့မှ ဆွေးနွေးနေစဉ် ကျန်အဖွဲ့များက သေချာစွာနားထောင်၍ ဖြည့်စွက်အကြံပြုပါစေ။ အပြန်အလှန် ဆွေးနွေးပါစေ။

**ထံ၊ တျာ၊ တေ၊ ဒျန့်၊ ဒလု၊ ထုံ၊ တျော** စသည်တို့ကို သင် မည်သို့ နားလည်သနည်း။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

အဖွဲ့လိုက်ဆွေးနွေးနေစဉ် ဆရာက လိုက်လံကြည့်ရှု၍ အကဲဖြတ်ပါ။ လိုအပ်ချက်များတွေ့ရှိပါက ကျောင်းသား အချင်းချင်း အကြံပြုပါစေ သို့မဟုတ် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ ၅ မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းပြ ဆွေးနွေးပါ။

**၁-၁-၃။ " ပုစဉ်းတောင်သံကြိုး " (ထံတျာတေရှင်) သီချင်းကိုနားထောင်ခံစားခြင်း** **စာသင်ချိန် (၃)**

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

"ပုစဉ်းတောင်သံကြိုး" (ထံတျာတေရှင်) သီချင်း၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီးသည့်အခါ သီချင်းအား နားထောင်ခံစားပြီး ခံစားချက်ကို ဆွေးနွေးကြရမည်ဖြစ်ကြောင်း ပြောပါ။

**သင်ကြားခြင်း** **၂၀ မိနစ်**

"ပုစဉ်းတောင်သံကြိုး" (ထံတျာတေရှင်) သီချင်း အစမှ အဆုံးထိ ဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ ကျောင်းသားများအား ဂရုတစိုက် နားထောင်ပါစေ။

ဆရာက အပိုဒ် ၁၊ အပိုဒ် ၂၊ အပိုဒ် ၃ နှင့် အပိုဒ် ၄ သီချင်းစာသားများအား ဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ ကျောင်းသားများအား ဂရုတစိုက် နားထောင်ပါစေ။ သီချင်းစာသားကို နားထောင်ပြီးနောက် မည်သို့ ခံစားရသည်ကို အုပ်စုဖွဲ့၍ဆွေးနွေးပါစေ။ ဆရာနှင့် ကျောင်းသား အပြန်အလှန် ဆွေးနွေးပါ။ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇ နှင့် အပိုဒ် ၈ တို့ကို အထက်ပါနည်းအတိုင်း နားထောင်ခံစား ဆွေးနွေးပါစေ။

**လေ့ကျင့်ခြင်း** **၁၅ မိနစ်**

"ပုစဉ်းတောင်သံကြိုး" (ထံတျာတေရှင်) သီချင်း၏ အဓိပ္ပာယ်ကို မိမိနားလည်သည့်အတိုင်း အဖွဲ့လိုက် ဆွေးနွေး၍ မည်သို့ခံစားရသည်ကို ပြန်လည်တင်ပြပါ။ တစ်ဖွဲ့မှ ဆွေးနွေးနေစဉ် ကျန်အဖွဲ့များက သေချာစွာ နားထောင်၍ ဖြည့်စွက်အကြံပြုပါ။ အပြန်အလှန် ဆွေးနွေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

အဖွဲ့လိုက်ဆွေးနွေးနေစဉ် ဆရာက လိုက်လံကြည့်ရှု၍ အကဲဖြတ်ပါ။ လိုအပ်ချက်များတွေ့ရှိပါက ကျောင်းသား အချင်းချင်း အကြံပြုပါစေ သို့မဟုတ် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ ၆ မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းပြ ဆွေးနွေးပါ။

DBE Box - Copyright Protected

**၁–၁–၄။ " ပုစဉ်းတောင်သံကြိုး " (ထံတျာတေရှင်) သီချင်းအပိုဒ် ၁ နှင့် အပိုဒ် ၂ ကို အသံနေအသံထား စည်းဝါးမှန်ကန်စွာဖြင့် ခံစားချက်ထည့်၍ သီဆိုခြင်း** **စာသင်ချိန် (၄)**

**သင်ခန်းစာမိတ်ဆက်ခြင်း** **၅ မိနစ်**

"ပုစဉ်းတောင်သံကြိုး" (ထံတျာတေရှင်) သီချင်းကို သီဆိုလေ့ကျင့်ကြမည်ဟု ဆရာက ပြောပါ။

ပတ်ဝန်းကျင်၏ တောတောင်ရေမြေ သဘာဝအလှတရားများကို ဖော်ကျူးထားသော သီချင်းဖြစ်သည်ဟု ပြောပါ။

သီချင်းဆိုသည့်အခါ ပတ်ဝန်းကျင်၏ တောတောင်ရေမြေ သဘာဝအလှတရားများကို ခံစားရင်း ပျော်ရွှင်ကြည်နူးစွာဖြင့် သီဆိုရမည်ဖြစ်ကြောင်း ပြောပါ။

**သင်ကြားခြင်း** **၂၀ မိနစ်**

"ပုစဉ်းတောင်သံကြိုး" (ထံတျာတေရှင်) သီချင်း အပိုဒ် ၁ နှင့် ၂ ကို ဆရာက စည်း ဝါး တီးခတ်၍ သီဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ ကျောင်းသားများအား အသံနေအသံထားနှင့် စည်းဝါး မှန်ကန်စေရန် ဂရုတစိုက် နားထောင်ပါစေ။

ဆရာက "ပုစဉ်းတောင်သံကြိုး" (ထံတျာတေရှင်) သီချင်း အပိုဒ် ၁ ကို စည်း ဝါး တီးခတ်၍ သီဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ ကျောင်းသားများအား ဂရုတစိုက် နားထောင်ပါစေ။

သီချင်းစာသားကို ကြည့်၍ ဆရာနှင့်အတူ ၃ ကြိမ်ခန့် လေ့ကျင့်သီဆိုပါစေ။

ကျောင်းသားများကိုယ်တိုင် စည်းဝါးတီးခတ်၍ လေ့ကျင့်သီဆိုပါစေ။

အထက်ပါအတိုင်း အပိုဒ် ၂ ကို လေ့ကျင့်သင်ကြားပေးပါ။

သီချင်း အပိုဒ် ၁ နှင့် ၂ ကို ကျောင်းသားများကိုယ်တိုင် စည်းဝါးတီးခတ်၍ လေ့ကျင့်သီဆိုပါစေ။

**လေ့ကျင့်ခြင်း** **၁၅ မိနစ်**

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ တစ်ဖွဲ့ချင်းကို "ပုစဉ်းတောင်သံကြိုး" (ထံတျာတေရှင်) သီချင်းအပိုဒ် ၁ နှင့် ၂ အား အသံနေအသံထားမှန်ကန်စွာ အပြန်အလှန် အလှည့်ကျ သီဆိုပါစေ။ တစ်ဖွဲ့က သီဆိုနေစဉ် ကျန်အဖွဲ့က စည်းဝါး တီးခတ်ပေးပါစေ။ အချင်းချင်း အကဲဖြတ်ပါစေ။ အကြံပြုပါစေ။ ကူညီသီဆိုပါစေ။ ကျောင်းသားတိုင်းပါဝင်စေရန် ဆရာက ကြီးကြပ်ပေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

အဖွဲ့လိုက် သီဆိုနေစဉ် ဆရာက လိုက်လံကြည့်ရှု၍အကဲဖြတ်ပါ။ အကဲဖြတ်တွေ့ရှိချက်များကို ကျောင်းသားများအား ပြောပြပါ။ လိုအပ်သည်များကို ပြုပြင်ရန်ပြောပြပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ သို့မဟုတ် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ ၆ မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းပြဆွေးနွေးပါ။

**၁–၁–၅။ " ပုစဉ်းတောင်သံကြိုး " (ထံတျာတေရှင်) သီချင်းအပိုဒ် ၃ နှင့် အပိုဒ် ၄ ကို အသံနေအသံထား စည်းဝါးမှန်ကန်စွာဖြင့် ခံစားချက်ထည့်၍ သီဆိုခြင်း** **စာသင်ချိန် (၅)**

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

"ပုစဉ်းတောင်သံကြိုး" (ထံတျာတေရှင်) သီချင်း အပိုဒ် ၃ နှင့် အပိုဒ် ၄ ကို ဆက်လက်သီဆို လေ့ကျင့်ကြမည်ဟု ဆရာက ပြောပါ။

DBE Box - Copyright Protected

သီချင်းဆိုသည့်အခါ ပတ်ဝန်းကျင်၏ တောတောင်ရေမြေ သဘာဝအလှတရားများကို ခံစားရင်း ပျော်ရွှင်ကြည်နူးစွာဖြင့် သီဆိုရမည် ဖြစ်ကြောင်းပြောပါ။

**သင်ကြားခြင်း** **၂၀ မိနစ်**

"ပုစဉ်းတောင်သံကြိုး" (ထံတျာတေရှင်) သီချင်း အပိုဒ် ၃ နှင့် ၄ ကို ဆရာက စည်းဝါးတီးခတ်၍ သီဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ ကျောင်းသားများအား အသံနေအသံထားနှင့် စည်းဝါးမှန်ကန်စေရန် ဂရုတစိုက် နားထောင်ပါစေ။

ဆရာက "ပုစဉ်းတောင်သံကြိုး" (ထံတျာတေရှင်) သီချင်း အပိုဒ် ၃ ကို စည်းဝါးတီးခတ်၍ သီဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ ကျောင်းသားများအား ဂရုတစိုက် နားထောင်ပါစေ။

သီချင်းစာသားကို ကြည့်၍ ဆရာနှင့်အတူ ၃ ကြိမ်ခန့် လေ့ကျင့်သီဆိုပါစေ။

ကျောင်းသားများကိုယ်တိုင် စည်းဝါးတီးခတ်၍ လေ့ကျင့်သီဆိုပါစေ။

အထက်ပါအတိုင်း အပိုဒ် ၄ ကို လေ့ကျင့်သင်ကြားပေးပါ။

သီချင်းအပိုဒ် ၃ နှင့် ၄ ကို ကျောင်းသားများကိုယ်တိုင် စည်းဝါးတီးခတ်၍ လေ့ကျင့်သီဆိုပါစေ။

**လေ့ကျင့်ခြင်း** **၁၅ မိနစ်**

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ တစ်ဖွဲ့ချင်းကို "ပုစဉ်းတောင်သံကြိုး" (ထံတျာတေရှင်) သီချင်းအပိုဒ် ၃ နှင့် ၄ အား အသံနေအသံထားမှန်ကန်စွာ အပြန်အလှန်အလှည့်ကျ သီဆိုပါစေ။ တစ်ဖွဲ့က သီဆိုနေစဉ် ကျန်အဖွဲ့က စည်းဝါး တီးခတ်ပေးပါစေ။ အချင်းချင်း အကဲဖြတ်ပါစေ။ အကြံပြုပါစေ။ ကူညီသီဆိုပါစေ။ ကျောင်းသားတိုင်းပါဝင်စေရန် ဆရာက ကြီးကြပ်ပေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

အဖွဲ့လိုက် သီဆိုနေစဉ် ဆရာက လိုက်လံကြည့်ရှု၍အကဲဖြတ်ပါ။ အကဲဖြတ်တွေ့ရှိချက်များကို ကျောင်းသားများအား ပြောပြပါ။ လိုအပ်သည်များကို ပြုပြင်ရန်ပြောပြပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ သို့မဟုတ် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ ၇ မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းပြ ဆွေးနွေးပါ။

**၁-၁-၆။ "ပုစဉ်းတောင်သံကြိုး" (ထံတျာတေရှင်) သီချင်းအပိုဒ် ၅ နှင့် အပိုဒ် ၆ ကို အသံနေအသံထား စည်းဝါးမှန်ကန်စွာဖြင့် ခံစားချက်ထည့်၍ သီဆိုခြင်း** **စာသင်ချိန် (၆)**

**သင်ခန်းစာမိတ်ဆက်ခြင်း** **၅ မိနစ်**

"ပုစဉ်းတောင်သံကြိုး" (ထံတျာတေရှင်) သီချင်း အပိုဒ် ၅ နှင့် အပိုဒ် ၆ ကို ဆက်လက်သီဆို လေ့ကျင့်ကြမည်ဟု ဆရာက ပြောပါ။ သီချင်းဆိုသည့်အခါ ပတ်ဝန်းကျင်၏ တောတောင်ရေမြေ သဘာဝအလှတရားများကို ခံစားရင်း ပျော်ရွှင် ကြည်နူးစွာဖြင့် သီဆိုရမည်ဖြစ်ကြောင်း ပြောပါ။

**သင်ကြားခြင်း** **၂၀ မိနစ်**

"ပုစဉ်းတောင်သံကြိုး" (ထံတျာတေရှင်) သီချင်း အပိုဒ် ၅ နှင့် ၆ ကို ဆရာက စည်းဝါးတီးခတ်၍ သီဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ ကျောင်းသားများအား အသံနေအသံထားနှင့် စည်းဝါးမှန်ကန်စေရန် ဂရုတစိုက် နားထောင်ပါစေ။

ဆရာက "ပုစဉ်းတောင်သံကြိုး" (ထံတျာတေရှင်) သီချင်း အပိုဒ် ၅ ကို စည်းဝါးတီးခတ်၍ သီဆိုပြပါ သို့မဟုတ်

DBEBox - Copyright Protected

သီချင်းဖွင့်ပြပါ။ ကျောင်းသားများအား ဂရုတစိုက် နားထောင်ပါစေ။

သီချင်းစာသားကို ကြည့်၍ ဆရာနှင့်အတူ ၃ ကြိမ်ခန့် လေ့ကျင့်သီဆိုပါစေ။

ကျောင်းသားများကိုယ်တိုင် စည်းဝါးတီးခတ်၍ လေ့ကျင့်သီဆိုပါစေ။

အထက်ပါအတိုင်း အပိုဒ် ၆ ကို လေ့ကျင့်သင်ကြားပေးပါ။

သီချင်း အပိုဒ် ၅ နှင့် ၆ ကို ကျောင်းသားများကိုယ်တိုင် စည်းဝါးတီးခတ်၍ လေ့ကျင့်သီဆိုပါစေ။

**လေ့ကျင့်ခြင်း** **၁၅ မိနစ်**

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ တစ်ဖွဲ့ချင်းကို "ပုစဉ်းတောင်သံကြိုး" (ထံတျာတေရှင်) သီချင်းအပိုဒ် ၅ နှင့် ၆ အား အသံနေအသံထား မှန်ကန်စွာ အပြန်အလှန် အလှည့်ကျသီဆိုပါစေ။ တစ်ဖွဲ့က သီဆိုနေစဉ် ကျန်အဖွဲ့က စည်းဝါး တီးခတ်ပေးပါစေ။ အချင်းချင်း အကဲဖြတ်ပါစေ။ အကြံပြုပါစေ။ ကူညီသီဆိုပါစေ။ ကျောင်းသားတိုင်းပါဝင်စေရန် ဆရာက ကြီးကြပ်ပေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

အဖွဲ့လိုက်သီဆိုနေစဉ် ဆရာက လိုက်လံကြည့်ရှု၍ အကဲဖြတ်ပါ။ အကဲဖြတ်တွေ့ရှိချက်များကို ကျောင်းသားများအား ပြောပြပါ။ လိုအပ်သည်များကို ပြုပြင်ရန်ပြောပြပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ။ ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ ၈ မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းပြဆွေးနွေးပါ။

**၁-၁-၇။ "ပုစဉ်းတောင်သံကြိုး" (ထံတျာတေရှင်) သီချင်းအပိုဒ် ၇ နှင့် အပိုဒ် ၈ ကို အသံနေအသံထား စည်းဝါးမှန်ကန်စွာဖြင့် ခံစားချက်ထည့်၍ သီဆိုခြင်း** **စာသင်ချိန် (၇)**

**သင်ခန်းစာမိတ်ဆက်ခြင်း** **၅ မိနစ်**

"ပုစဉ်းတောင်သံကြိုး" (ထံတျာတေရှင်) သီချင်း အပိုဒ် ၇ နှင့် အပိုဒ် ၈ ကို ဆက်လက်သီဆို လေ့ကျင့်ကြမည်ဟု ဆရာက ပြောပါ။

သီချင်းဆိုသည့်အခါ ပတ်ဝန်းကျင်၏ တောတောင်ရေမြေ သဘာဝအလှတရားများကို ခံစားရင်း ပျော်ရွှင်ကြည်နူးစွာဖြင့် သီဆိုရမည်ဖြစ်ကြောင်း ပြောပါ။

**သင်ကြားခြင်း** **၂၀ မိနစ်**

"ပုစဉ်းတောင်သံကြိုး" (ထံတျာတေရှင်) သီချင်း အပိုဒ် ၇ နှင့် ၈ ကို ဆရာက စည်းဝါးတီးခတ်၍ သီဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ ကျောင်းသားများအား အသံနေအသံထားနှင့် စည်းဝါးမှန်ကန်စေရန် ဂရုတစိုက် နားထောင်ပါစေ။

ဆရာက "ပုစဉ်းတောင်သံကြိုး" (ထံတျာတေရှင်) သီချင်း အပိုဒ် ၇ ကို စည်းဝါးတီးခတ်၍ သီဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ ကျောင်းသားများအား ဂရုတစိုက် နားထောင်ပါစေ။

သီချင်းစာသားကို ကြည့်၍ ဆရာနှင့်အတူ ၃ ကြိမ်ခန့် လေ့ကျင့်သီဆိုပါစေ။

ကျောင်းသားများကိုယ်တိုင် စည်းဝါးတီးခတ်၍ လေ့ကျင့်သီဆိုပါစေ။

အထက်ပါအတိုင်း အပိုဒ် ၈ ကို လေ့ကျင့်သင်ကြားပေးပါ။

သီချင်း အပိုဒ် ၇ နှင့် ၈ ကို ကျောင်းသားများကိုယ်တိုင် စည်းဝါးတီးခတ်၍ လေ့ကျင့်သီဆိုပါစေ။

DBE Box - Copyright Protected

**လေ့ကျင့်ခြင်း** **၁၅ မိနစ်**

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ တစ်ဖွဲ့ချင်းကို "ပုစဉ်းတောင်သံကြိုး" (ထံတျာတေရှင်) သီချင်းအပိုဒ် ၇ နှင့် ၈ အား အသံနေအသံထားမှန်ကန်စွာ အပြန်အလှန် အလှည့်ကျ သီဆိုပါစေ။ တစ်ဖွဲ့က သီဆိုနေစဉ် ကျန်အဖွဲ့က စည်းဝါး တီးခတ်ပေးပါစေ။ အချင်းချင်း အကဲဖြတ်ပါစေ။ အကြံပြုပါစေ။ ကူညီသီဆိုပါစေ။ ကျောင်းသားတိုင်း ပါဝင်စေရန် ဆရာက ကြီးကြပ်ပေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

အဖွဲ့လိုက် သီဆိုနေစဉ် ဆရာက လိုက်လံကြည့်ရှု၍အကဲဖြတ်ပါ။ အကဲဖြတ်တွေ့ရှိချက်များကို ကျောင်းသားများအား ပြောပြပါ။ လိုအပ်သည်များကို ပြုပြင်ရန်ပြောပြပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ သို့မဟုတ် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ ၉ မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းပြဆွေးနွေးပါ။

**၁-၁-၈။ "ပုစဉ်းတောင်သံကြိုး" (ထံတျာတေရှင်) သီချင်း အစမှအဆုံးကို အသံနေအသံထား စည်းဝါးမှန်ကန်စွာဖြင့် ခံစားချက်ထည့်၍ သီဆိုခြင်း** **စာသင်ချိန် (၈)**

**သင်ခန်းစာမိတ်ဆက်ခြင်း** **၅ မိနစ်**

"ပုစဉ်းတောင်သံကြိုး" (ထံတျာတေရှင်) သီချင်း အစမှ အဆုံးကို အသံနေအသံထား မှန်ကန်စွာ သီဆိုတတ်ရန် လေ့လာသင်ယူရမည်ဖြစ်ကြောင်း ပြောပါ။

သီချင်းဆိုသည့်အခါ ပတ်ဝန်းကျင်၏ တောတောင်ရေမြေ သဘာဝအလှတရားများကို ခံစားရင်း ပျော်ရွှင်ကြည်နူးစွာဖြင့် သီဆိုရမည်ဖြစ်ကြောင်း ပြောပါ။

**သင်ကြားခြင်း** **၂၀ မိနစ်**

"ပုစဉ်းတောင်သံကြိုး" (ထံတျာတေရှင်) သီချင်းကို ဆရာက စည်းဝါးတီးခတ်၍ သီဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ ကျောင်းသားများအား အသံနေအသံထားနှင့် စည်းဝါးမှန်ကန်စေရန် ဂရုတစိုက် နားထောင်ပါစေ။

"ပုစဉ်းတောင်သံကြိုး" (ထံတျာတေရှင်) သီချင်း အပိုဒ် ၁ ကို ဆရာက စည်းဝါးတီးခတ်၍ သီဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ ကျောင်းသားများအား စာသားကို ကြည့်ရှု၍ ဂရုတစိုက် နားထောင်ပါစေ။

သီချင်းစာသားကို ကြည့်၍ ဆရာနှင့်အတူ ၃ ကြိမ်ခန့် လေ့ကျင့်သီဆိုပါစေ။

ကျောင်းသားများကိုယ်တိုင် စည်းဝါးတီးခတ်၍ လေ့ကျင့်သီဆိုပါစေ။

အထက်ပါနည်းအတိုင်း အပိုဒ် ၂ မှ ၈ အထိကို လေ့ကျင့်သင်ယူပါ။

သီချင်း အစမှ အဆုံးထိ ကျောင်းသားများကိုယ်တိုင် စည်းဝါးတီးခတ်၍ လေ့ကျင့်သီဆိုပါစေ။

**လေ့ကျင့်ခြင်း** **၁၅ မိနစ်**

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ တစ်ဖွဲ့ချင်းကို "ပုစဉ်းတောင်သံကြိုး" (ထံတျာတေရှင်) သီချင်းအား အသံနေအသံထား မှန်ကန်စွာ အပြန်အလှန်အလှည့်ကျ သီဆိုပါစေ။ တစ်ဖွဲ့က သီဆိုနေစဉ် ကျန်အဖွဲ့က စည်းဝါးတီးခတ်ပေးပါစေ။ အချင်းချင်း အကဲဖြတ်ပါစေ။ အကြံပြုပါစေ။ ကူညီသီဆိုပါစေ။ ကျောင်းသားတိုင်းပါဝင်စေရန် ဆရာက ကြီးကြပ်ပေးပါ။

DBE Box - Copyright Protected

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

အဖွဲ့လိုက် သီဆိုနေစဉ် ဆရာက လိုက်လံကြည့်ရှု၍ အကဲဖြတ်ပါ။ အကဲဖြတ်တွေ့ရှိချက်များကို ကျောင်းသားများအား ပြောပြပါ။ လိုအပ်သည်များကို ပြုပြင်ရန်ပြောပြပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ သို့မဟုတ် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ ၉ မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းပြဆွေးနွေးပါ။

**၁-၂။ " မြန်မာပြည်သား" သီချင်း** **စာသင်ချိန် ၃ ချိန်**

**သင်ခန်းစာရည်ရွယ်ချက်များ**

- "မြန်မာပြည်သား" သီချင်း၏ အဓိပ္ပာယ်ကိုသိရှိနားလည်ပြီး ခံစားမှုကို ပြောပြတတ်ရန်
- ဂီတသင်္ကေတကိုကြည့်၍ မှန်ကန်စွာရွတ်ဆိုတတ်ရန်နှင့် သီချင်းကို သံစဉ်စည်းဝါးမှန်ကန်စွာ ခံစားသီဆိုသရုပ်ဖော်တတ်ရန်
- မြန်မာသံစဉ် ကာလပေါ် သီချင်းကို မြတ်နိုးတန်ဖိုးထားတတ်ရန်

**၁-၂-၁။ " မြန်မာပြည်သား" သီချင်း၏အဓိပ္ပာယ်ကို လေ့လာခြင်း** **စာသင်ချိန် (၁)**

**သင်ခန်းစာမိတ်ဆက်** **၁၀ မိနစ်**

ကျောင်းသားများအား မူလတန်းတွင် မည်သည်တို့ကို သင်ယူခဲ့ကြသနည်းဟု မေးပါ။ မိမိကြားဖူးသော သီချင်းများကို မေးမြန်းပါ။ ကျောင်းသား ၃ ဦး ၄ ဦးခန့် ဖြေဆိုပါစေ။

"မြန်မာပြည်သား" ဆိုသည်မှာ မြန်မာနိုင်ငံတွင်း မှီတင်းနေထိုင်ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း တို့အပါအဝင် တိုင်းရင်းသားလူမျိုးအားလုံးကိုဆိုလိုသည်ဟု ဆရာက ရှင်းပြပါ။

ရှေးခေတ်မြန်မာတို့၏ စစ်ချီတက်ပုံ၊ တိုင်းရင်းသားပေါင်းစုံ စည်းလုံးညီညွတ်ကြပုံနှင့် ပြည်သူအားလုံး၏ ထောက်ခံအားပေးကြပုံအကြောင်းကို သီဖွဲ့ရေးသားထားသော သီချင်းတစ်ပုဒ်ကို ယနေ့ သင်ပေးမည်ဟု ပြောပါ။

**သင်ကြားခြင်း** **၁၀ မိနစ်**

ကျောင်းသုံးစာအုပ်ပါပုံများ သို့မဟုတ် သင်ထောက်ကူများကို ရည်ညွှန်း၍ ဆရာက ကျောင်းသားများကို " မြန်မာပြည်သား "သီချင်း အစမှအဆုံးထိ ဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ ကျောင်းသားများအား စာသားကို ကြည့်၍ ဂရုတစိုက် နားထောင်ပါစေ။ ဆရာက သရုပ်ဖော်ပြရင်း သီဆိုရှင်းလင်းနိုင်ပါသည်။

အပိုဒ် ၁ သီချင်းစာသားအား ဆရာက ဆိုပြပါ သို့မဟုတ် သီချင်းခွေဖွင့်ပြပါ။ ကျောင်းသားများအား စာသားကို ကြည့်၍ ဂရုတစိုက် နားထောင်ပါစေ။

သီချင်းစာသားကို ကြည့်ရှုနားထောင်ပြီး သီချင်း၏အဓိပ္ပာယ်နှင့် မည်သို့ခံစားရသည်ကို အုပ်စုဖွဲ့၍ ဆွေးနွေးပါစေ။

အောက်ပါ အဓိပ္ပာယ်များကို ရှင်းပြရင်း ဆရာနှင့် ကျောင်းသား အပြန်အလှန် ဆွေးနွေးပါ။

| | | |
|---|---|---|
| သေနင်္ဗျူဟာ | = | စစ်ရေး အတတ်ပညာ (ဥပမာ - ထိုးစစ်၊ ခံစစ်) |
| ကိုယ်ခံလက်ဖွဲ့ | = | ကိုယ်ခံပညာ၊ လက်ဝှေ့သိုင်းပညာ |
| ရဲစိတ်ရဲမာန်တဖွားဖွား | = | ရဲစွမ်းသတ္တိများပေါ်ပေါက်လာခြင်း |
| ကျားကျားလျားလျား | = | ယောကျ်ားပီသခြင်း |

DBE Box - Copyright Protected

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

အဖွဲ့လိုက် သီဆိုနေစဉ် ဆရာက လိုက်လံကြည့်ရှု၍ အကဲဖြတ်ပါ။ အကဲဖြတ်တွေ့ရှိချက်များကို ကျောင်းသားများအား ပြောပြပါ။ လိုအပ်သည်များကို ပြုပြင်ရန်ပြောပြပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ သို့မဟုတ် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ ၉ မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းပြဆွေးနွေးပါ။

**၁–၂။ " မြန်မာပြည်သား" သီချင်း** **စာသင်ချိန် ၃ ချိန်**

**သင်ခန်းစာရည်ရွယ်ချက်များ**

- "မြန်မာပြည်သား" သီချင်း၏ အဓိပ္ပာယ်ကိုသိရှိနားလည်ပြီး ခံစားမှုကို ပြောပြတတ်ရန်
- ဂီတသင်္ကေတကိုကြည့်၍ မှန်ကန်စွာရွတ်ဆိုတတ်ရန်နှင့် သီချင်းကို သံစဉ်စည်းဝါးမှန်ကန်စွာ ခံစားသီဆို သရုပ်ဖော်တတ်ရန်
- မြန်မာသံစဉ် ကာလပေါ် သီချင်းကို မြတ်နိုးတန်ဖိုးထားတတ်ရန်

**၁–၂–၁။ " မြန်မာပြည်သား" သီချင်း၏ အဓိပ္ပာယ်ကို လေ့လာခြင်း** **စာသင်ချိန် (၁)**

**သင်ခန်းစာမိတ်ဆက်** **၁၀ မိနစ်**

ကျောင်းသားများအား မူလတန်းတွင် မည်သည့်တို့ကို သင်ယူခဲ့ကြသနည်းဟု မေးပါ။ မိမိကြားဖူးသော သီချင်းများကို မေးမြန်းပါ။ ကျောင်းသား ၃ ဦး ၄ ဦးခန့် ဖြေဆိုပါစေ။

"မြန်မာပြည်သား" ဆိုသည်မှာ မြန်မာနိုင်ငံတွင်း မှီတင်းနေထိုင်ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း တို့အပါအဝင် တိုင်းရင်းသားလူမျိုးအားလုံးကိုဆိုလိုသည်ဟု ဆရာက ရှင်းပြပါ။

ရှေးခေတ်မြန်မာတို့၏ စစ်ချီတက်ပုံ၊ တိုင်းရင်းသားပေါင်းစုံ စည်းလုံးညီညွတ်ကြပုံနှင့် ပြည်သူအားလုံး၏ ထောက်ခံအားပေးကြပုံအကြောင်းကို သီဖွဲ့ရေးသားထားသော သီချင်းတစ်ပုဒ်ကို ယနေ့ သင်ပေးမည်ဟု ပြောပါ။

**သင်ကြားခြင်း** **၁၀ မိနစ်**

ကျောင်းသုံးစာအုပ်ပါပုံများ သို့မဟုတ် သင်ထောက်ကူများကို ရည်ညွှန်း၍ ဆရာက ကျောင်းသားများကို " မြန်မာပြည်သား "သီချင်း အစမှအဆုံးထိ ဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ ကျောင်းသားများအား စာသားကို ကြည့်၍ ဂရုတစိုက် နားထောင်ပါစေ။ ဆရာက သရုပ်ဖော်ပြရင်း သီဆိုရှင်းလင်းနိုင်ပါသည်။

အပိုဒ် ၁ သီချင်းစာသားအား ဆရာက ဆိုပြပါ သို့မဟုတ် သီချင်းခွေဖွင့်ပြပါ။ ကျောင်းသားများအား စာသားကို ကြည့်၍ ဂရုတစိုက် နားထောင်ပါစေ။

သီချင်းစာသားကို ကြည့်ရှုနားထောင်ပြီး သီချင်း၏အဓိပ္ပာယ်နှင့် မည်သို့ခံစားရသည်ကို အုပ်စုဖွဲ့၍ ဆွေးနွေးပါစေ။

အောက်ပါ အဓိပ္ပာယ်များကို ရှင်းပြရင်း ဆရာနှင့် ကျောင်းသား အပြန်အလှန် ဆွေးနွေးပါ။

| | | |
|---|---|---|
| သေနင်္ဂဗျူဟာ | = | စစ်ရေး အတတ်ပညာ (ဥပမာ - ထိုးစစ်၊ ခံစစ်) |
| ကိုယ်ခံလက်ဖွဲ့ | = | ကိုယ်ခံပညာ၊ လက်ဝှေ့သိုင်းပညာ |
| ရဲစိတ်ရဲမာန်တဖွားဖွား | = | ရဲစွမ်းသတ္တိများပေါ်ပေါက်လာခြင်း |
| ကျားကျားလျားလျား | = | ယောကျ်ားပီသခြင်း |



DBE Box - Copyright Protected

တိုက်မောင်း၊ တိုက်စည်၊ မဒိန်းစည် = စစ်ချီ၊ စစ်တက် တိုက်ခိုက်ရာ၌ ရဲရင့်တက်ကြွစိတ် ဖြစ်ပေါ်စေရန် တီးခတ်သော စည်မောင်းများ

တံပိုး = စစ်ချီ၊ စစ်တက်ရာတွင် မှုတ်သော အချက်ပေးခရာတစ်မျိုး

အပိုဒ် ၁ ၏ ဆိုလိုရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

ရှေးမြန်မာဘုရင်များလက်ထက်က စစ်သည်တော်များသည် သေနင်္ဂဗျူဟာ စစ်အင်္ဂါရပ်များဖြစ်သော စစ်ချီ၊ စစ်ကပ်၊ စစ်ထိုး၊ စစ်ခံ၊ စစ်ဖျက်၊ စစ်ပြန်နှင့် ကိုယ်ခံပညာ လက်ဝှေ့အတတ်ပညာများကို တတ်မြောက်ကြသော ယောကျာ်းကောင်းများ ဖြစ်ကြသည်။ စစ်တိုက်ထွက်သည့်အခါ တီးလေ့ရှိသော တိုက်မောင်း၊ တိုက်စည်၊ တံပိုး၊ မဒိန်းစည်များနှင့်အတူ စစ်တိုက်ထွက်လာသော ခြေလျင်တပ်၊ ဆင်တပ်၊ မြင်းတပ်၊ ရထားတပ် စသည့် စစ်ကြောင်းကြီးများ ချီတက်လာသံကို ကြားရသူတိုင်း၏ စိတ်တွင် ရဲစိတ်ရဲမာန်များ တက်ကြွလာပါသည်။ ယောကျာ်းပီသပြီး ခွန်အားဗလနှင့် ပြည့်စုံသော မောင်ကြီးများသည် ပုဂံသားများလား၊ တကောင်းသားများလားဟု တအံ့တသြ မေးယူကြရပါသည်။

အထက်ပါနည်းအတိုင်း အပိုဒ် ၂၊ အပိုဒ် ၃နှင့် အပိုဒ် ၄ တို့ကို သင်ကြားရပါမည်။

အပိုဒ် ၂ ၏ ဆိုလိုရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

ပုဂံသားများ၊ တကောင်းသားများအပြင် မြန်မာတို့၏ ခေတ်အဆက်ဆက်ဖြစ်သော မြင့်စိုင်းသား၊ ပင်းယသား၊ အင်းဝသား၊ ကုန်းဘောင်သားတို့နှင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားမျိုးနွယ်စုများသည် တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်စွာ အတူတကွ ပေါင်းစည်းနေထိုင်ကြသည်။

အပိုဒ် ၃ ၏ ဆိုလိုရင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

တိုင်းတစ်ပါးနယ်ချဲ့ရန်ကို တွန်းလှန်တားဆီးသည့်အခါ စွန့်စွန့်စားစားနှင့် အသက်ကိုပေးလှူကြမည့် ပြည်သူများ အားထားရသည့် စစ်သည်တော်မောင်ကြီးများကို တိုက်ပွဲတိုင်းအောင်နိုင်ရေးအတွက် နှမလေးတို့က သပြေပန်းလက်ဆောင်များ ပေးလိုက်ပါရစေ။

အပိုဒ် ၄ ၏ ဆိုလိုရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

သပြေပန်းလက်ဆောင်ရခဲ့ကြသည့် စစ်သည်မောင်ကြီးများမှာ ရဲစိတ်ရဲသွေးများနှင့်အတူ အားမာန်များ တက်ကြွလာကြသည်။

နွေ၊ မိုး၊ ဆောင်း ရာသီများ ပြောင်းပြီး တော၊ တောင်၊ လျှိုမြောင်၊ မြစ်ချောင်းများ မည်မျှပင် ကာဆီးနေပါစေ ကြောက်ရွံ့တွန့်ဆုတ်မနေဘဲ မိမိတိုင်းပြည်၊ မိမိလူမျိုးအတွက် အခက်အခဲမှန်သမျှကို ရင်ဆိုင်ကျော်လွှားနိုင်သည့် တစ်စိတ်တစ်ဝမ်းတည်းသော ပြည်ထောင်စုဖွား တိုင်းရင်းသားများပင် ဖြစ်ကြပေသည်။

**လေ့ကျင့်ခြင်း** **၂၀ မိနစ်**

"မြန်မာပြည်သား" သီချင်း၏ အဓိပ္ပာယ်ကို မိမိနားလည်သည့်အတိုင်း အဖွဲ့လိုက်ဆွေးနွေး၍ ပြန်လည် တင်ပြပါစေ။ တစ်ဖွဲ့မှ ဆွေးနွေးနေစဉ် ကျန်အဖွဲ့များက သေချာစွာနားထောင်၍ ဖြည့်စွက်အကြံပြုပါစေ။ အပြန်အလှန် ဆွေးနွေးပါစေ။

"မြန်မာပြည်သား" သီချင်း၏ အဓိပ္ပာယ်ကို သိရှိပြီးနောက် မည်သို့ ခံစားရသည်ကို အချင်းချင်းဆွေးနွေးပါစေ။ ကျောင်းသားတိုင်းပါဝင်နိုင်ရန်နှင့် စနစ်တကျရှိရန် ဆရာကကြီးကြပ်ပေးပါ။

DBE Box - Copyright Protected

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

အဖွဲ့လိုက်ဆွေးနွေးနေစဉ် ဆရာက လိုက်လံကြည့်ရှု၍ အကဲဖြတ်ပါ။ လိုအပ်ချက်များတွေ့ရှိပါက ကျောင်းသား အချင်းချင်း အကြံပြုပါစေ သို့မဟုတ် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ ၁၃ မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းပြ ဆွေးနွေးပါ။

**၁-၂-၂။ "မြန်မာပြည်သား" သီချင်းစာသားကို အသံနေအသံထားစည်းဝါးမှန်ကန်စွာဖြင့် ခံစားချက်ထည့်၍ သီဆိုခြင်းနှင့် အပိုဒ် ၁ နှင့် ၂ ကို ဒို ရေ မီ သင်္ကေတဖြင့် သီဆိုခြင်း** **စာသင်ချိန် (၂)**

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

ပထမအချိန်တွင် ဆွေးနွေးခဲ့ကြသည့် "မြန်မာပြည်သား" သီချင်းကို သီဆိုလေ့ကျင့်ကြမည်ဟု ဆရာက ပြော ပါ။

သီချင်းရေးသူ သည် ရေနံ့သာဝင်းမောင်ဖြစ်ပြီး တေးဆိုသူများသည် မြန်မာ့အသံအဖွဲ့ ဖြစ်သည်ဟု ပြောပါ။

သီချင်းသီဆိုသည့်အခါတွင် စိတ်ဓာတ်တက်တက်ကြွကြွဖြင့် သီဆိုရမည်ဖြစ်ကြောင်းပြောပါ။

**သင်ကြားခြင်း** **၂၀ မိနစ်**

"မြန်မာပြည်သား" သီချင်းကို ဆရာက စည်းဝါးတီးခတ်၍ သီဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ ကျောင်းသား များအား အသံနေအသံထားနှင့် စည်းဝါးကို ဂရုစိုက်၍ သေချာစွာနားထောင်ပါစေ။

"မြန်မာပြည်သား" သီချင်း အပိုဒ် ၁ အား **ဒို ရေ မီ** သင်္ကေတဖြင့် သီဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။

ဂီတသင်္ကေတကို ကြည့်၍ ဆရာနှင့်အတူ ၃ ကြိမ်ခန့် လေ့ကျင့်သီဆိုပါစေ။

ကျောင်းသားများကိုယ်တိုင် လေ့ကျင့်သီဆိုပါစေ။

အထက်ပါနည်းအတိုင်း အပိုဒ် ၂ ကို လေ့ကျင့်သင်ကြားပေးပါ။

**လေ့ကျင့်ခြင်း** **၁၅ မိနစ်**

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ တစ်ဖွဲ့ချင်းကို "မြန်မာပြည်သား" သီချင်းအား အသံနေအသံထားမှန်ကန်စွာ အပြန်အလှန် သီဆိုပါစေ။ သီဆိုမှုကို အကဲဖြတ်ပါစေ။ အကြံပြုပါစေ။ ကူညီသီဆိုပါစေ။

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ တစ်ဖွဲ့ချင်းကို "မြန်မာပြည်သား" သီချင်း အပိုဒ် ၁ နှင့် ၂ ၏ ဂီတသင်္ကေတကို အသံနေ အသံထားမှန်ကန်စွာ အပြန်အလှန် သီဆိုပါစေ။ သီဆိုမှုကို အကဲဖြတ်ပါစေ။ အကြံပြုပါစေ။ ကူညီသီဆိုပါစေ။

ကျောင်းသားတိုင်းပါဝင်နိုင်ရန်နှင့် စနစ်တကျရှိရန် ဆရာက ကြီးကြပ်ပေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

အဖွဲ့လိုက်သီဆိုနေစဉ် ဆရာက လိုက်လံကြည့်ရှု၍ အကဲဖြတ်ပါ။ အကဲဖြတ်တွေ့ရှိချက်များကို ကျောင်းသား များအား ပြောပြပါ။ လိုအပ်သည်များကို ပြုပြင်ရန်ပြောပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ သို့မဟုတ် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

DBE Box - Copyright Protected

**အဓိကအချက်များ**

- ခံစားချက်ထည့်၍ သီဆိုနိုင်ရန် သီချင်း၏ အဓိပ္ပာယ်ကို နားလည်ရန်လိုအပ်ပါသည်။
- မြူးကြွသွက်လက်စွာ သီဆိုရသော တေးသီချင်းများကို စည်းသုတ်ဖြင့် တီးခတ်ရပါသည်။
- ဝါးလတ်စည်းတွင် ဝါးတစ်ချက်၊ စည်းတစ်ချက် တီးခတ်ရပြီး စည်းသုတ်တွင် ဝါးတစ်ချက်၊ စည်းတစ်ချက် နှစ်ကြိမ် တီးခတ်ရသည်။

| | | |
|---|---|---|
| ဝါးလတ်စည်း | + | − |
| စည်းသုတ် | + − | + − |

စိတ်ဓာတ်တက်ကြွဖွယ် ဖြစ်အောင် သီဆိုရသော သီချင်းဖြစ်သဖြင့် စည်းသုတ်ဖြင့် သီဆိုရသည်။

- အသံနေအသံထားမှန်ကန်စေရန်နှင့် စည်းဝါးကျနစေရန် သတိပြုရပါမည်။
- သံပြိုင်သီဆိုရသော **မြန်မာပြည်သားပေ့** ဆိုသည့်နေရာမျိုးတွင် အားမာန်အပြည့်ဖြင့် စိတ်ဓာတ် တက်ကြွဖွယ်ဖြစ်အောင် သီဆိုရပါမည်။
- သီချင်းစာသားနှင့် ဂီတသင်္ကေတများကို မှန်ကန်စွာသီဆိုနိုင်ရန် လိုအပ်ပါက ဆရာက ကူညီပေးပါ။

**၁–၂–၃။ "မြန်မာပြည်သား" သီချင်းကို သရုပ်ဖော်ခြင်း** **စာသင်ချိန် (၃)**

**သင်ခန်းစာမိတ်ဆက်** **၂ မိနစ်**

ကျောင်းသားများအား "မြန်မာပြည်သား" သီချင်းကို အစမှအဆုံးထိ တစ်ကြိမ်သီဆိုပါစေ။

"မြန်မာပြည်သား" သီချင်းကို သံစဉ်စည်းဝါး မှန်ကန်စွာ သီဆိုတတ်ပြီးသည့်အခါ သီချင်းစာသားထဲတွင် ပါဝင်သော အကြောင်းအရာများကို သရုပ်ဖော်ကြည့်ကြရမည်ဟု ပြောပါ။

**သင်ကြားခြင်း** **၁၀ မိနစ်**

အတန်းရှိ ကျောင်းသားအရေအတွက်ပေါ် မူတည်၍ အုပ်စုတိုင်းတွင် ကျားနှင့်မ မျှတစွာ ပါဝင်အောင် ဖွဲ့ပါ။

အဖွဲ့လိုက် မိမိတို့ပြုလုပ်လိုသော သရုပ်ဖော်ပုံများကို ဆွေးနွေးတိုင်ပင်ပါစေ။

အဖွဲ့လိုက် စည်းချက်ညီညီ သရုပ်ဖော်နိုင်ရန် လေ့ကျင့်ပါစေ။

ဆရာက အချိန်သတ်မှတ်ပေးပါ။ ဆွေးနွေးမှုကို လိုက်လံကြည့်ရှုပါ။ လိုအပ်ပါက အကြံဉာဏ်ပေးပါ။

**လေ့ကျင့်ခြင်း** **၂၃ မိနစ်**

အဖွဲ့တစ်ဖွဲ့ချင်းစီကို မိမိတို့ ဆွေးနွေးတိုင်ပင်ထားသည့်အတိုင်း သီဆိုသရုပ်ဖော်ပါစေ။ တစ်ဖွဲ့က သီဆိုသရုပ်ဖော်နေစဉ် ဆရာနှင့် ကျန်အဖွဲ့များက စည်းဝါးလိုက်ပေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၁၀ မိနစ်**

ဆရာက တစ်ဖွဲ့ချင်းစီ၏ ခံစားချက်နှင့် သရုပ်ဖော်နိုင်မှု၊ ပူးပေါင်းပါဝင် လုပ်ဆောင်မှုနှင့် သံစဉ်စည်းဝါး ကျနမှုတို့ကို အကဲဖြတ်ရပါမည်။


**အဓိကအချက်များ**

- ခံစားချက်ထည့်၍ စည်းချက်ညီညီ သီဆိုသရုပ်ဖော်နိုင်ရမည်။
- ညီညာစွာ ပူးပေါင်းပါဝင် လုပ်ဆောင်ရမည်။

DBE Box - Copyright Protected

**အခန်း (၁) အဆိုပညာကို ပြန်လည်သုံးသပ်ခြင်း**

ဆရာက အခန်း (၁) အဆိုပညာတွင် သင်ယူခဲ့သည်များကို ကျောင်းသားများနှင့် နှုတ်မေးနှုတ်ဖြေ ပြုလုပ်၍ ပြန်လည်သုံးသပ်ပါ။




DBE Box - Copyright Protected

# အခန်း (၂)

## အကပညာ

**စုစုပေါင်းစာသင်ချိန် ၆ ချိန်၊ တစ်ချိန် ၄၅ မိနစ်**

**သင်ယူမှုရလဒ်များ**

ကြာဖတ်လှန်အကနှင့် ကြာဆစ်ချိုးအက၏ ခေါင်း၊ ခါး၊ ခြေ၊ လက်၊ မျက်နှာ လှုပ်ရှားမှုများကို ရှင်းပြနိုင်ပြီး စည်းဝါးမှန်စွာ စနစ်တကျ ကပြတတ်မည်။

အခြေခံကဗျာလွတ် ကကွက်များကို လက်တွေ့လေ့ကျင့်ပြီး မြတ်နိုးတန်ဖိုးထားတတ်လာမည်။

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

စည်းဝါး၊ ကြာဖတ်လှန်နှင့် ကြာဆစ်ချိုးကကွက်ပုံများ (ကျောင်းသုံးစာအုပ်ပါ သရုပ်ဖော်ပုံများအပြင် သင်ထောက်ကူကားချပ် သို့မဟုတ် ဗီနိုင်းကားချပ်ပုံများ) ကိုလည်း အသုံးပြုနိုင်ပါသည်။

သင်ခန်းစာပါ ကကွက်များပါသော ဗီဒီယိုဖိုင် (ဆရာက ဗီဒီယိုဖိုင်ထဲတွင်ပါသော ကနည်းကဟန်များ) ကိုကြည့်ပြီး ကြိုတင်လေ့ကျင့်ထားပါ။

**ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ**

ကြာဖတ်လှန်အကနှင့် ကြာဆစ်ချိုးအကများကို တစ်ဦးနှင့်တစ်ဦး ဟန်ချက်ညီညီ ကနိုင်ရန်အတွက် အချင်းချင်း အကဲဖြတ်ဆွေးနွေးအကြံပြုကာ ညှိယူလေ့ကျင့်ရသဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဆက်သွယ်ပြောဆိုခြင်းဆိုင်ရာ ကျွမ်းကျင်မှုများ ရရှိလာမည်။

**၂-၁။ ကြာဖတ်လှန်အက** **စာသင်ချိန် ၃ ချိန်**

**သင်ခန်းစာရည်ရွယ်ချက်များ**

- ကြာဖတ်လှန်အက၏ ခေါင်း၊ ခါး၊ ခြေ၊ လက်၊ မျက်နှာ လှုပ်ရှားမှုများကို ရှင်းပြနိုင်ပြီး စည်းဝါးမှန်စွာ စနစ်တကျ ကပြတတ်ရန်
- အခြေခံကဗျာလွတ်ကကွက်များကို လက်တွေ့လေ့ကျင့်ပြီး နားလည်တန်ဖိုးထားတတ်ရန်

**၂-၁-၁။ ကြာဖတ်လှန်အက (ညာခြေညာလက်)** **စာသင်ချိန် (၁)**

**သင်ခန်းစာမိတ်ဆက်ခြင်း** **၁၀ မိနစ်**

ဆရာက ကျောင်းသားများအား မူလတန်းတွင် မည်သည်တို့ကို သင်ယူခဲ့ကြသနည်းဟု မေး၍ နိဒါန်းပျိုးပါ။ အဖြေပေါ်မူတည်၍ လိုအပ်ပါက ကျောင်းသားအချင်းချင်း ဖြည့်စွက်ဆွေးနွေးပါစေ သို့မဟုတ် ဆရာက ဖြည့်စွက်ရှင်းလင်းပေးပါ။

ဆရာက အခြေခံကဗျာလွတ်အကတွင် ခေါင်း၊ ခါး၊ ခြေ၊ လက်၊ မျက်နှာအစုံ ကကွက် ၁၅ ကွက်ရှိသည်။ ပထမဆုံးကကွက်ဖြစ်သော ကြာဖတ်လှန်အက (ညာခြေညာလက်) ကို ယနေ့သင်ပေးမည်ဟုပြောပါ။

ကြာဖတ်လှန်အက မသင်မီ မူလတန်းတွင် သင်ကြားခဲ့သော ခေါင်း၊ ခါး၊ ခြေ၊ လက်၊ မျက်နှာ လှုပ်ရှားမှု အကများကို ပြန်လည်သတိရစေရန် လေ့ကျင့်ကြမည်ဟုပြောပါ။

ကျောင်းသားများက မူလတန်းတွင် သင်ကြားခဲ့သော ခေါင်း၊ ခါး၊ ခြေ၊ လက်၊ မျက်နှာ လှုပ်ရှားမှုအကများကို လေ့ကျင့်ရာတွင် စည်း ၈ ချက်၊ ဝါး ၈ ချက်ပြည့်အောင် ဂရုစိုက်၍ ကရန် သတိပေးပါ။ လိုအပ်ပါက ပြုပြင်ပေးပါ။ ဆရာက စည်းနှင့်ဝါးကို တီးခတ်ပေးပါ။

DBE Box - Copyright Protected

**သင်ကြားခြင်း** **၁၀ မိနစ်**

ကျောင်းသုံးစာအုပ်ပါပုံများ သို့မဟုတ် သင်ထောက်ကူများကို ရည်ညွှန်း၍ ဆရာက ကျောင်းသားများကို ကကွက် အဆင့်များအတိုင်း သရုပ်ပြရှင်းလင်းပါ။ ကျောင်းသားများအား ဆရာက ကပြသည်ကို ကြည့်၍ လိုက်ကရန် ပြောပါ။ (မှတ်ချက် - မိန်းကလေးများသည် ခြေထောက်ကို ထမီနားခတ်၍ ပြန်သိမ်းရန်ဖြစ်သော်လည်း ယောကျ်ားလေးများသည် ဒူးကိုကွေ၍ "ခွင်" ပုံစံအတိုင်း နေရာပြန်ယူရန် ဖြစ်သည်။) အကမကမီ "ခွင်" ပုံစံအနေအထားအတိုင်း နေရာယူထားရမည်ကို ဆရာက ဦးစွာပြောပြ၍ "ခွင်" ပုံစံ (ပုံ-၁) ကို သရုပ်ပြပါ။ လက်တစ်ဖက်ချင်းစီ၏ လှုပ်ရှားမှုကို ကြည့်ပါ။ ညာဘက်လက်မှစပြီး လှုပ်ရှားမည်ဟုပြောပါ။ သရုပ်ပြရှင်းစဉ် ကျောင်းသားများအား သတိထားရမည့် အချက်များကို ပြောပြပါ။

**လေ့ကျင့်ခြင်း** **၂၀ မိနစ်**

ကျောင်းသားများအား နှစ်ယောက်တစ်တွဲ တွဲပြီး လေ့ကျင့်ရန်ပြောပါ။ စနစ်ကျစွာ မကနိုင်သေးသော ကျောင်းသားကို ကနိုင်သည့်ကျောင်းသားက မှန်အောင် ပူးပေါင်း၍ကူညီလေ့ကျင့်ပါစေ။

ကျောင်းသားအရေအတွက်အရ အုပ်စုဖွဲ့ပါ။ အုပ်စုများတွင် ကျား၊ မ (ရှိပါက) အရေအတွက်မျှပါစေ။

အုပ်စုလိုက် ကကွက်အဆင့်များအတိုင်း ဆရာနှင့်အတူ စည်းဝါးကျစွာ လေ့ကျင့်ကပါစေ။ ကျောင်းသားတိုင်း ပါဝင်နိုင်ရန်နှင့် စနစ်တကျရှိရန် ဆရာကကြီးကြပ်ပေးပါ။

တစ်ဖွဲ့က က နေစဉ် ကျန်အဖွဲ့များက ကြည့်ရှုလေ့လာပါစေ။ အဖွဲ့လိုက်ညီညီညာညာဖြင့် စည်းဝါးကျပြီး ပျော်ရွှင်စွာ ကပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

တစ်ဦးချင်းစီနှင့် အဖွဲ့လိုက် ကြာဖတ်လှန်အက (ညာခြေညာလက်) ကို လေ့ကျင့်နေစဉ် ဆရာက လိုက်လံကြည့်ရှု၍ အကဲဖြတ်ပါ။ လိုအပ်ချက်များတွေ့ရှိပါက ကျောင်းသားအချင်းချင်း အကြံပြုပါစေ သို့မဟုတ် ဆရာက ဖြည့်စွက် သင်ကြားပေးပါ။

လေ့ကျင့်သည့်အခါ ပိုင်နိုင်စွာမကနိုင်သေးသည့် ကကွက်များကို ကျောင်းသားများကိုယ်တိုင် ထပ်မံလေ့ကျင့်ပါ။

စနစ်ကျစွာ မကနိုင်သေးသည့်ကျောင်းသားများကို စနစ်ကျစွာကနိုင်သည့် ကျောင်းသားများက အချင်းချင်း ကူညီပေးပါ။

ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ ၁၈ မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းပြဆွေးနွေးပါ။

**၂-၁-၂။ ကြာဖတ်လှန်အက (ဘယ်ခြေဘယ်လက်)** **စာသင်ချိန် (၂)**

**သင်ခန်းစာမိတ်ဆက်ခြင်း** **၇ မိနစ်**

ပထမသင်ခန်းစာတွင် လေ့ကျင့်သင်ယူခဲ့သည့် ကကွက်သည် ပထမစည်းနှင့်ဝါးတွင် ကရသည့်ကကွက်ဖြစ်သည်။ ယခုဆက်လက်ပြီး ဒုတိယစည်းနှင့်ဝါးတွင် ကရမည့်ကကွက်ကို ဆရာက သင်ပေးမည်ဟုပြောပါ။

ကျောင်းသားများအား "ခွင်" ပုံစံတွင်ရှိရမည့် အတိုင်းအထွာများကို ပြန်လည်မေးမြန်းပါ။

ပထမစာသင်ချိန်တွင် ကခဲ့သည့်ကကွက်များကို ပြန်လည်လေ့ကျင့်ပါစေ။

DBE Box Copyright Protected

**သင်ကြားခြင်း** **၁၀ မိနစ်**

ကျောင်းသုံးစာအုပ်ပါပုံများကို ရည်ညွှန်း၍ ကျောင်းသားများကို ကကွက်အဆင့်များအတိုင်း ဆရာက သရုပ်ပြရှင်းပါ။ ကျောင်းသားများအား ဆရာ ကပြသည်ကိုကြည့်၍ လိုက်ကရန်ပြောပါ။ (မှတ်ချက် - မိန်းကလေးများသည် ခြေထောက်ကို ထမီနားခတ်၍ ပြန်သိမ်းရန်ဖြစ်သော်လည်း ယောကျ်ားလေးများသည် ဒူးကိုကွေ၍ "ခွင်" ပုံစံအတိုင်း နေရာပြန်ယူရန်ဖြစ်သည်။) သရုပ်ပြရှင်းစဉ် ကျောင်းသားများအား သတိထားရမည့်အချက်များကို ပြောပြပါ။

**လေ့ကျင့်ခြင်း** **၂၃ မိနစ်**

အထက်ပါအဆင့်များအတိုင်း ကျောင်းသားများကို အုပ်စုလိုက် စည်းဝါးကျနစွာ ဆရာနှင့်အတူ လေ့ကျင့်ကပါစေ။ ကျောင်းသားတိုင်းပါဝင်နိုင်ရန်နှင့် စနစ်တကျရှိရန် ဆရာကကြီးကြပ်ပေးပါ။

နှစ်ယောက်တစ်တွဲ တွဲပြီး မှန်ကန်စွာ မကနိုင်သေးသော ကျောင်းသားများကို ကနိုင်သည့် ကျောင်းသားက မှန်အောင် ပူးပေါင်း၍ ကူညီလေ့ကျင့်ပါစေ။

တစ်ဖွဲ့က က နေစဉ် ကျန်အဖွဲ့များက ကြည့်ရှုလေ့လာပါစေ။ အဖွဲ့လိုက် ညီညီညာညာဖြင့် စည်းဝါးနှင့်အညီ ပျော်ရွှင်စွာ ကပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

တစ်ဦးချင်းစီနှင့်အဖွဲ့လိုက် ကြာဖတ်လှန်အက (ဘယ်ခြေဘယ်လက်) လေ့ကျင့်နေစဉ် ဆရာက လိုက်ကြည့်၍ အကဲဖြတ်ပါ။ လိုအပ်ချက်များကို ဆရာက သင်ကြားပေးပါ။ ကျောင်းသားအချင်းချင်းလည်း အကြံပြုပါစေ။

ပိုင်နိုင်စွာ မကနိုင်သေးသည့် ကကွက်များအား ကျောင်းသားများကိုယ်တိုင် ထပ်မံလေ့ကျင့်ပါ။

စနစ်ကျစွာမကနိုင်သေးသည့် ကျောင်းသားများကို စနစ်ကျစွာကနိုင်သည့်ကျောင်းသားများက အချင်းချင်း ကူညီပေးပါ။

ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ ၁၉ မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းပြဆွေးနွေးပါ။

**၂-၁-၃။ ကြာဖတ်လှန်အက (ညာခြေညာလက်နှင့် ဘယ်ခြေဘယ်လက်)** **စာသင်ချိန် (၃)**

**သင်ခန်းစာမိတ်ဆက်ခြင်း** **၂ မိနစ်**

ကျောင်းသားများအား ကြာဖတ်လှန်အက (ညာခြေညာလက်)နှင့် (ဘယ်ခြေဘယ်လက်) တို့ကို ပေါင်းပြီး လေ့ကျင့်သင်ယူကြမည်ဟု ဆရာကပြောပါ။

**သင်ကြားခြင်း** **၁၀ မိနစ်**

စာသင်ချိန် (၁) နှင့် စာသင်ချိန် (၂) တွင် ကခဲ့သည့် ကြာဖတ်လှန်ကကွက်များကို ဆရာကပြန်လည်သရုပ်ပြပါ သို့မဟုတ် ဗီဒီယိုဖိုင်ကို ဖွင့်ပြနိုင်ပါသည်။ ကျောင်းသုံးစာအုပ်ပါ (ပုံ-၂) မှ (ပုံ-၅)

**လေ့ကျင့်ခြင်း** **၂၃ မိနစ်**

ကြာဖတ်လှန်အက (ညာခြေညာလက်)နှင့် (ဘယ်ခြေဘယ်လက်) အဆင့်များအတိုင်း ကျောင်းသားများအား အုပ်စုလိုက် စည်းဝါးကျနစွာ လေ့ကျင့်ကပါစေ။ ကျောင်းသားတိုင်း ပါဝင်နိုင်ရန်နှင့် စနစ်တကျရှိရန် ဆရာက ကြီးကြပ်ပေးပါ။

တစ်ဖွဲ့က က နေစဉ် ကျန်အဖွဲ့များက ကြည့်ရှုလေ့လာပါစေ။ အဖွဲ့လိုက် ညီညီညာညာဖြင့် စည်းဝါးနှင့်အညီ ပျော်ရွှင်စွာ ကပါစေ။

DBE Box Copyright Protected

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၁၀ မိနစ်**

တစ်ဦးချင်းစီနှင့်အဖွဲ့လိုက် ကြာဖတ်လှန်အကကို လေ့ကျင့်နေစဉ် ဆရာကလိုက်ကြည့်၍ အကဲဖြတ်ပါ။ လိုအပ်ချက်များရှိပါက ဆရာက ဖြည့်စွက်အကြံပြုပါ။ ကျောင်းသားအချင်းချင်းလည်း အကြံပြုခွင့်ပေးပါ။

စာသင်ချိန် (၁) မှ အဓိကအချက်များကို ကျောင်းသားများအား ဆရာက မေးမြန်းပါ။ ထိုအချက်များကို အက လေ့ကျင့်စဉ် လက်တွေ့အသုံးချရန် သတိပေး၍နိဂုံးချုပ်ပါ။

ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ ၂၀ မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းပြ ဆွေးနွေးပါ။

## ၂-၂။ ကြာဆစ်ချိုးအက　စာသင်ချိန် ၃ ချိန်

### သင်ခန်းစာရည်ရွယ်ချက်များ

- ကြာဆစ်ချိုးအက၏ ခေါင်း၊ ခါး၊ ခြေ၊ လက်၊ မျက်နှာ လှုပ်ရှားမှုများကို ရှင်းပြနိုင်ပြီး စည်းဝါးမှန်စွာ စနစ်တကျ ကပြတတ်ရန်
- အခြေခံကဗျာလွတ် ကကွက်များကို လက်တွေ့လေ့ကျင့်ပြီး မြတ်နိုးတန်ဖိုးထားတတ်ရန်

## ၂-၂-၁။ ကြာဆစ်ချိုးအက (ညာခြေညာလက်)　စာသင်ချိန် (၁)

**သင်ခန်းစာမိတ်ဆက်ခြင်း** **၅ မိနစ်**

ကျောင်းသားများအား ယခင်စာသင်ချိန်များမှသင်ယူခဲ့သော ကြာဖတ်လှန်အကကို ကပြပါဟု ပြောပါ။ ကျောင်းသားများ ကပြပြီးလျှင် ယခုစာသင်ချိန်တွင် ကဗျာလွတ်အက၏ ဒုတိယကကွက်ဖြစ်သော ကြာဆစ်ချိုးအက (ညာခြေညာလက်) ကို လေ့ကျင့်သင်ယူကြမည်ဟုပြောပါ။

**သင်ကြားခြင်း** **၁၀ မိနစ်**

ကျောင်းသုံးစာအုပ်ပါပုံများကိုရည်ညွှန်း၍ ကျောင်းသားများကို ကကွက်အဆင့်များအတိုင်း ဆရာက သရုပ်ပြ ရှင်းပါ။ ကျောင်းသားများအား ဆရာ ကပြသည်ကိုကြည့်၍လိုက်ကပါစေ။ (မှတ်ချက် - မိန်းကလေးများသည် ခြေထောက်ကို ထမီနားခတ်၍ ပြန်သိမ်းရန်ဖြစ်သော်လည်း ယောကျ်ားလေးများသည် ဒူးကိုကွေး၍ “ခွင်” ပုံစံအတိုင်း နေရာပြန်ယူရန် ဖြစ်သည်။)

အက မကမီ “ခွင်” ပုံစံ (ပုံ-၁) အနေအထားအတိုင်း နေရာယူထားရမည်။ သရုပ်ပြရှင်းစဉ် ကျောင်းသားများ သတိထားရမည့်အချက်များကို ပြောပြပါ။

**လေ့ကျင့်ခြင်း** **၂၀ မိနစ်**

ကျောင်းသားအရေအတွက်အရ အုပ်စုဖွဲ့ပါ။ အုပ်စုများတွင် ကျား၊ မ (ရှိပါက) အရေအတွက်မျှပါစေ။

ကြာဆစ်ချိုးအက (ညာခြေညာလက်) အဆင့်များအတိုင်း ကျောင်းသားများအား အုပ်စုလိုက်စည်းဝါးကျနစွာ လေ့ကျင့်ကပါစေ။ ကျောင်းသားတိုင်းပါဝင်နိုင်ရန်နှင့် စနစ်တကျရှိရန် ဆရာကကြီးကြပ်ပေးပါ။

လိုအပ်ပါက နှစ်ယောက်တစ်တွဲတွဲပြီး မှန်ကန်စွာ မကနိုင်သေးသော ကျောင်းသားများကို ကနိုင်သည့် ကျောင်းသားက မှန်အောင်ပူးပေါင်း၍ ကူညီလေ့ကျင့်ပါစေ။

တစ်ဖွဲ့က ကနေစဉ် ကျန်အဖွဲ့များက ကြည့်ရှုလေ့လာပါစေ။ အဖွဲ့လိုက်ညီညီညာညာဖြင့် စည်းဝါးနှင့်အညီ ပျော်ရွှင်စွာ ကပါစေ။

DBE BOX - Copyright Protected

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၁၀ မိနစ်**

တစ်ဦးချင်းစီနှင့်အဖွဲ့လိုက် ကြာဖတ်လှန်အကကို လေ့ကျင့်နေစဉ် ဆရာကလိုက်ကြည့်၍ အကဲဖြတ်ပါ။ လိုအပ်ချက်များရှိပါက ဆရာက ဖြည့်စွက်အကြံပြုပါ။ ကျောင်းသားအချင်းချင်းလည်း အကြံပြုခွင့်ပေးပါ။

စာသင်ချိန် (၁) မှ အဓိကအချက်များကို ကျောင်းသားများအား ဆရာက မေးမြန်းပါ။ ထိုအချက်များကို အက လေ့ကျင့်စဉ် လက်တွေ့အသုံးချရန် သတိပေး၍နိဂုံးချုပ်ပါ။

ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ ၂၀ မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းပြ ဆွေးနွေးပါ။

## ၂-၂။ ကြာဆစ်ချိုးအက **စာသင်ချိန် ၃ ချိန်**

**သင်ခန်းစာရည်ရွယ်ချက်များ**

- ကြာဆစ်ချိုးအက၏ ခေါင်း၊ ခါး၊ ခြေ၊ လက်၊ မျက်နှာ လှုပ်ရှားမှုများကို ရှင်းပြနိုင်ပြီး စည်းဝါးမှန်စွာ စနစ်တကျ ကပြတတ်ရန်
- အခြေခံကဗျာလွတ် ကကွက်များကို လက်တွေ့လေ့ကျင့်ပြီး မြတ်နိုးတန်ဖိုးထားတတ်ရန်

### ၂-၂-၁။ ကြာဆစ်ချိုးအက (ညာခြေညာလက်) **စာသင်ချိန် (၁)**

**သင်ခန်းစာမိတ်ဆက်ခြင်း** **၅ မိနစ်**

ကျောင်းသားများအား ယခင်စာသင်ချိန်များမှသင်ယူခဲ့သော ကြာဖတ်လှန်အကကို ကပြပါဟု ပြောပါ။ ကျောင်းသားများ ကပြပြီးလျှင် ယခုစာသင်ချိန်တွင် ကဗျာလွတ်အက၏ ဒုတိယကကွက်ဖြစ်သော ကြာဆစ်ချိုးအက (ညာခြေညာလက်) ကို လေ့ကျင့်သင်ယူကြမည်ဟုပြောပါ။

**သင်ကြားခြင်း** **၁၀ မိနစ်**

ကျောင်းသုံးစာအုပ်ပါပုံများကိုရည်ညွှန်း၍ ကျောင်းသားများကို ကကွက်အဆင့်များအတိုင်း ဆရာက သရုပ်ပြ ရှင်းပါ။ ကျောင်းသားများအား ဆရာ ကပြသည်ကိုကြည့်၍လိုက်ကပါစေ။ (မှတ်ချက် - မိန်းကလေးများသည် ခြေထောက်ကို ထမီနားခတ်၍ ပြန်သိမ်းရန်ဖြစ်သော်လည်း ယောကျ်ားလေးများသည် ဒူးကိုကွေး၍ "ခွင်" ပုံစံအတိုင်း နေရာပြန်ယူရန် ဖြစ်သည်။)

အက မကမီ "ခွင်" ပုံစံ (ပုံ-၁) အနေအထားအတိုင်း နေရာယူထားရမည်။ သရုပ်ပြရှင်းစဉ် ကျောင်းသားများ သတိထားရမည့်အချက်များကို ပြောပြပါ။

**လေ့ကျင့်ခြင်း** **၂၀ မိနစ်**

ကျောင်းသားအရေအတွက်အရ အုပ်စုဖွဲ့ပါ။ အုပ်စုများတွင် ကျား၊ မ (ရှိပါက) အရေအတွက်မျှပါစေ။

ကြာဆစ်ချိုးအက (ညာခြေညာလက်) အဆင့်များအတိုင်း ကျောင်းသားများအား အုပ်စုလိုက်စည်းဝါးကျနစွာ လေ့ကျင့်ကပါစေ။ ကျောင်းသားတိုင်းပါဝင်နိုင်ရန်နှင့် စနစ်တကျရှိရန် ဆရာကကြီးကြပ်ပေးပါ။

လိုအပ်ပါက နှစ်ယောက်တစ်တွဲတွဲပြီး မှန်ကန်စွာ မကနိုင်သေးသော ကျောင်းသားများကို ကနိုင်သည့် ကျောင်းသားက မှန်အောင်ပူးပေါင်း၍ ကူညီလေ့ကျင့်ပါစေ။

တစ်ဖွဲ့က ကနေစဉ် ကျန်အဖွဲ့များက ကြည့်ရှုလေ့လာပါစေ။ အဖွဲ့လိုက်ညီညီညာညာဖြင့် စည်းဝါးနှင့်အညီ ပျော်ရွှင်စွာ ကပါစေ။

DBE Box - Copyright Protected

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၁၀ မိနစ်**

တစ်ဦးချင်းစီနှင့် အဖွဲ့လိုက် ကြာဆစ်ချိုးအက (ညာခြေညာလက်) ကို လေ့ကျင့်နေစဉ် ဆရာက လိုက်ကြည့်၍ အကဲဖြတ်ပါ။ လိုအပ်ချက်များတွေ့ရှိပါက ကျောင်းသားအချင်းချင်း အကြံပြုပါစေ သို့မဟုတ် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

လေ့ကျင့်သည့်အခါတွင် ပိုင်နိုင်စွာ မကနိုင်သေးသည့် ကကွက်များအား ကျောင်းသားများကိုယ်တိုင် ထပ်မံလေ့ကျင့်ပါ။

စနစ်ကျစွာ မကနိုင်သေးသော ကျောင်းသားများကို ကနိုင်သည့်ကျောင်းသားများက မှန်အောင် ပူးပေါင်း၍ ကူညီလေ့ကျင့်ပေးပါ။

ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ ၂၁ မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းပြဆွေးနွေးပါ။

**၂-၂-၂။ ကြာဆစ်ချိုးအက (ဘယ်ခြေဘယ်လက်)** **စာသင်ချိန် (၂)**

**သင်ခန်းစာမိတ်ဆက်ခြင်း** **၂ မိနစ်**

ပထမအချိန်တွင် လေ့ကျင့်ခဲ့သည့် ကြာဆစ်ချိုးကကွက် (ညာခြေညာလက်) သည် ပထမစည်းနှင့်ဝါးတွင် ကခဲ့သည့် ကကွက်ဖြစ်သည်။ ယခုဆက်လက်၍ ဒုတိယစည်းနှင့်ဝါးတွင်ကရမည့် ကကွက်ကို လေ့ကျင့်သင်ယူကြမည်ဟု ရှင်းပြပါ။

**သင်ကြားခြင်း** **၁၀ မိနစ်**

ကျောင်းသုံးစာအုပ်ပါပုံများကိုရည်ညွှန်း၍ ကြာဆစ်ချိုးကကွက် (ညာခြေညာလက်) ကို ကကွက်အဆင့်များအတိုင်း ဆရာကသရုပ်ပြရှင်းလင်းပါ။ ကျောင်းသားများအား ဆရာ ကပြသည်ကိုကြည့်၍ လိုက်ကပါစေ။ (မှတ်ချက် - မိန်းကလေးများသည် ခြေထောက်ကို ထမီနားခတ်၍ ပြန်သိမ်းရန်ဖြစ်သော်လည်း ယောကျ်ားလေးများသည် ဒူးကို ကွေး၍ "ခွင်" ပုံစံအတိုင်း နေရာပြန်ယူရန်ဖြစ်သည်။) သရုပ်ပြရှင်းစဉ် ကျောင်းသားများ သတိထားရမည့် အချက်များကို ပြောပြပါ။

**လေ့ကျင့်ခြင်း** **၂၃ မိနစ်**

အထက်ပါအဆင့်များအတိုင်း ကျောင်းသားများကို အုပ်စုလိုက် စည်းဝါးကျနစွာ ဆရာနှင့်အတူ လေ့ကျင့်ကပါစေ။ ကျောင်းသားတိုင်း ပါဝင်နိုင်ရန်နှင့် စနစ်တကျရှိရန် ဆရာကကြီးကြပ်ပေးပါ။

လိုအပ်ပါက နှစ်ယောက်တစ်တွဲတွဲပြီး ပိုင်နိုင်စွာ မကနိုင်သေးသည့် ကျောင်းသားကို စနစ်တကျကနိုင်သည့် ကျောင်းသားက မှန်ကန်အောင် ပူးပေါင်း၍ကူညီလေ့ကျင့်ပါစေ။

တစ်ဖွဲ့က ကနေစဉ် ကျန်အဖွဲ့များက ကြည့်ရှုလေ့လာပါစေ။ အဖွဲ့လိုက်ညီညီညာညာဖြင့် စည်းဝါးနှင့်အညီ ပျော်ရွှင်စွာကပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၁၀ မိနစ်**

တစ်ဦးချင်းစီနှင့်အဖွဲ့လိုက် ကြာဆစ်ချိုးအက (ဘယ်ခြေဘယ်လက်) လေ့ကျင့်နေစဉ် ဆရာက လိုက်ကြည့်၍ အကဲဖြတ်ပါ။ လိုအပ်ချက်များကို ဆရာက သင်ကြားပေးပါ။ ကျောင်းသားအချင်းချင်းလည်း အကြံပြုပါစေ။

ဆရာက စာသင်ချိန် (၁) မှ အဓိကအချက်များကို ကျောင်းသားများအားမေးပါ။ ယင်းအချက်များအရ အကဲဖြတ်တွေ့ရှိချက်များကို ကျောင်းသားများအား ပြောပြပါ။ လိုအပ်သည်များကို ပြုပြင်ရန်ပြောပါ။

DBE Box - Copyright Protected

မကျေညက်သည့် ကကွက်များကို ကျောင်းသားများကိုယ်တိုင် ထပ်မံလေ့ကျင့်ရန် ဆရာကပြော၍နိဂုံးချုပ်ပါ။

ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ ၂၂ မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းပြဆွေးနွေးပါ။

**၂-၂-၃။ ကြာဆစ်ချိုးအက (ညာခြေညာလက်နှင့် ဘယ်ခြေဘယ်လက်) စာသင်ချိန် (၃)**

**သင်ခန်းစာမိတ်ဆက်ခြင်း ၂ မိနစ်**

ကျောင်းသားများအား ပြီးခဲ့သည့်စာသင်ချိန်များတွင် သင်ယူခဲ့သည့် ကြာဆစ်ချိုးအက (ညာခြေညာလက်) နှင့် (ဘယ်ခြေဘယ်လက်) တို့ကိုပေါင်းပြီး လေ့ကျင့်သင်ယူကြမည်ဟု ဆရာကပြောပါ။

**သင်ကြားခြင်း ၁၀ မိနစ်**

ကျောင်းသားများအား စာသင်ချိန် (၄) နှင့် (၅) တွင် ကခဲ့သည့် ကြာဆစ်ချိုး ကကွက်များကို ဆရာက ပြန်လည် သရုပ်ပြပါ သို့မဟုတ် ဗီဒီယိုဖိုင် ဖွင့်ပြနိုင်ပါသည်။ ကျောင်းသုံးစာအုပ်ပါ (ပုံ - ၆) မှ (ပုံ - ၉)

**လေ့ကျင့်ခြင်း ၂၅ မိနစ်**

ကြာဆစ်ချိုးအက (ညာခြေညာလက်) နှင့် (ဘယ်ခြေဘယ်လက်) အဆင့်များအတိုင်း ကျောင်းသားများအား အုပ်စုလိုက် စည်းဝါးကျနစွာ လေ့ကျင့်ကပါစေ။ ကျောင်းသားတိုင်း ပါဝင်နိုင်ရန်နှင့် စနစ်တကျရှိရန် ဆရာက ကြီးကြပ်ပေးပါ။ တစ်ဖွဲ့က ကနေစဉ် ကျန်အဖွဲ့များက ကြည့်ရှုလေ့လာပါစေ။ အဖွဲ့လိုက်ညီညီညာညာဖြင့် စည်းဝါးနှင့် အညီ ပျော်ရွှင်စွာကပါစေ။

ဆရာက အောက်ပါမေးခွန်း ၂ ခုကို အုပ်စုတစ်စုလျှင် မေးခွန်းတစ်ခုပေး၍ စဉ်းစားဆွေးနွေးပါစေ။ ဆွေးနွေးရန် အချိန် ၇ မိနစ်ခန့် သတ်မှတ်ပေးပါ။ အဖွဲ့ကိုယ်စားလှယ် ကျောင်းသားများ၏ တင်ပြချက်များအနက် ဆီလျော်မှုရှိပြီး မတူညီသည့်အချက်များကို ဆရာက သင်ပုန်းပေါ်တွင်ရေးပါ။ ကျောင်းသားများမေးလိုသည့် အချက်များ ရှိပါက မေးခွင့်ပေးပါ။ အနှစ်ချုပ်ပေးပါ။

၁။ မြန်မာတို့သည် ကြာဖတ်လှန်နှင့်ကြာဆစ်ချိုးကကွက်များကို မည်သို့သော အကများတွင် ကပြကြလေ့ရှိသနည်း။

မျှော်မှန်းအဖြေ = သင်္ကြန်အက၊ တိုင်းရင်းသားအက၊ ကျေးလက်အက အစရှိသည်ဖြင့်

၂။ မြန်မာအကများကို ကတတ်ခြင်းဖြင့် မည်သည့်အကျိုးကျေးဇူးများရရှိမည်နည်း။

မျှော်မှန်းအဖြေ = မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်သည်။ နိုင်ငံတကာတွင် မြန်မာအကကို မိတ်ဆက်ကပြနိုင်သည်။ ခေါင်း၊ ခါး၊ ခြေ၊ လက်၊ မျက်နှာ လှုပ်ရှား ကပြရသောကြောင့် ကျန်းမာရေးကောင်းစေသည်။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း ၈ မိနစ်**


ကျောင်းသားများအဖွဲ့လိုက် ကြာဆစ်ချိုးအကလေ့ကျင့်နေစဉ်၊ မေးခွန်းများကို ဆွေးနွေးနေစဉ်နှင့် အဖြေများ တင်ပြစဉ် ဆရာကအကဲဖြတ်ပါ။ လိုအပ်ပါက အကြံပြုပါ။ ဆွေးနွေး၍ ရရှိသည့်အဖြေများကို မှတ်စု စာအုပ်တွင် ရေးမှတ်ပါစေ။

DBE Box - Copyright Protected

## အခန်း (၂) အကပညာကို ပြန်လည်သုံးသပ်ခြင်း

အခန်း (၂) အကပညာတွင် သင်ယူခဲ့သည်များကို ဆရာကကျောင်းသားများနှင့် နှုတ်မေးနှုတ်ဖြေပြုလုပ်၍ ပြန်လည်သုံးသပ်ပါ။

- လှုပ်ရှားမှုတိုင်းတွင် ညာခြေညာလက်မှစပြီး လှုပ်ရှားရမည်။
- ချစ်စဖွယ်အမူအရာဖြင့် ကရမည်။
- ကနေစဉ် "ခွင်" ပုံစံမပျက်စေရန်သတိထားရမည်။
- ကကွက်များကို စည်းဝါးမှန်စွာကနိုင်ရန် ကိုယ်တိုင်လေ့ကျင့်ရမည်။
- မျက်နှာချင်းဆိုင်၍ကသည့်အခါ ဘယ်လက်နှင့်ညာလက် မှားယွင်းမှုမရှိအောင်သတိပြုရမည်။
- စည်းတွင် ဖနောင့်၊ ဖြောက် (ဝါး) တွင် ဖဝါး (ခွင်) သို့ ပြန်ရောက်ရမည်။




DBE Box - Copyright Protected

# အခန်း (၃)

## အတီးပညာ

**စုစုပေါင်းစာသင်ချိန် ၈ ချိန်၊ တစ်ချိန် ၄၅ မိနစ်**

**သင်ယူမှုရလဒ်များ**

ပလွေမှုတ်ခြင်း နည်းပညာရပ်ကို ကောင်းစွာသိရှိနားလည်ပြီး ပလွေလက်ပေါက်ကိုင်ပုံ၊ လေသံအပြင်းအပျော့၊ လျှာအနေအထား၊ ဂီတသင်္ကေတများကို သိရှိလာမည်။

"ရှမ်းရိုးမက အိုးစည်သံ" သီချင်းနှင့် "ကျောင်းကောင်စီ" သီချင်းများ၏ အဓိပ္ပာယ်ကိုသိရှိမည်။

ဂီတသင်္ကေတကိုကြည့်၍မှန်ကန်စွာ ရွတ်ဆိုတတ်ပြီး သံစဉ်စည်းဝါးမှန်ကန်စွာ ခံစားသီဆို တတ်လာမည်။

"ရှမ်းရိုးမက အိုးစည်သံ" သီချင်းနှင့် "ကျောင်းကောင်စီ" သီချင်းများကို ဂီတသင်္ကေတဖြင့် ရွတ်ဆိုတီးမှုတ်တတ်လာမည်။

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

ပလွေ၊ စည်း၊ ဝါး၊ ကျောင်းသုံးစာအုပ်ပါသရုပ်ဖော်ပုံများအပြင် သင်ထောက်ကူကားချပ် သို့မဟုတ် ဗီနိုင်းကားချပ်ပုံများကိုလည်းအသုံးပြုနိုင်ပါသည်။

သင်ခန်းစာပါ သီချင်းများ၏ ဗီဒီယိုဖိုင် (ဆရာက ဗီဒီယိုဖိုင်ကို ကြည့်ရှုနားထောင်ပြီး ကြိုတင်လေ့ကျင့်ထားပါ။)

ဂီတသင်္ကေတအသုံးအနှုန်းများ၊ သီချင်းများနှင့် သံစဉ်များကို ကြိုတင်လေ့ကျင့်ထားပါ။

**ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ**

"ရှမ်းရိုးမက အိုးစည်သံ" သီချင်းနှင့် "ကျောင်းကောင်စီ" သီချင်းများကို သံစဉ်စည်းဝါး မှန်ကန်စွာသီဆိုနိုင်ရန်နှင့် တီးမှုတ်နိုင်ရန်အတွက် အချင်းချင်း အကဲဖြတ်ဆွေးနွေးအကြံပြုကာ ညှိယူလေ့ကျင့်ရသဖြင့် ပူးပေါင်း ဆောင်ရွက်ခြင်းနှင့် ဆက်သွယ်ပြောဆိုခြင်းဆိုင်ရာ ကျွမ်းကျင်မှုများရရှိလာမည်။

**၃–၁။ အခြေခံပလွေသင်ခန်းစာ** **စာသင်ချိန် ၃ ချိန်**

**သင်ခန်းစာရည်ရွယ်ချက်များ**

- အခြေခံဂီတသင်္ကေတသဘောတရားကို သိရှိရွတ်ဆိုနိုင်ရန်
- ပလွေလက်ပေါက်မှန်ကန်စွာ ကိုင်တတ်ရန်နှင့် လေအပြင်းအပျော့မှန်ကန်စွာ မှုတ်တတ်ရန်
- ဂီတသင်္ကေတန်ဖိုးများကို ပလွေဖြင့် မှုတ်တတ်ရန်

**၃–၁–၁။ ဂီတသင်္ကေတ** **စာသင်ချိန် (၁)**

**သင်ခန်းစာမိတ်ဆက်ခြင်း** **၁၀ မိနစ်**

တူရိယာပစ္စည်းများတီးခတ်ရာ၌လည်းကောင်း၊ သီဆိုရာ၌လည်းကောင်း အထောက်အကူပြုစေရန်နှင့် တိကျမှန်ကန်မှုရှိစေရန် ကမ္ဘာသုံးသင်္ကေတကို လေ့လာသင်ယူရန် လိုအပ်ကြောင်း၊ ကျောင်းသုံးစာအုပ်တွင် Staff Note နှင့် Tonic Solfa Note တို့ဖြင့် သင်္ကေတများကို ရေးသားဖော်ပြထားကြောင်းနှင့် ပလွေသင်ခန်းစာ သင်ကြားရန်အတွက် အခြေခံဂီတသင်္ကေတကို လေ့လာသင်ကြားကြရမည်ဖြစ်ကြောင်း ဆရာက ပြောပါ။

**သင်ကြားခြင်း** **၁၀ မိနစ်**

ကျောင်းသုံးစာအုပ်ပါပုံများ သို့မဟုတ် သင်ထောက်ကူများကို ရည်ညွှန်း၍ ဆရာက ကျောင်းသားများကို

DBE Box - Copyright Protected

Beat ၊ Bar Line၊ ထပ်ကျော့အမှတ်အသား (Repeat Sign)၊ သင်္ကေတများ၏တန်ဖိုး (Value of Notes)၊ ရပ်နားချက်တန်ဖိုး (Value of Rest)၊ Staff Notation၊ Time Signature၊ Tonic Solfa Note များအကြောင်း တစ်ခုချင်းကို သင်ပုန်းပေါ်ရေးဆွဲ၍ဖြစ်စေ၊ ကဒ်ပြား၊ ဗီနိုင်းအသုံးပြု၍ဖြစ်စေရှင်းပြပါ။

Beat ကို သင်ကြားရာတွင် လက်ခုပ်ရိုက်ချက်ဖြင့်ဖြစ်စေ၊ ခုံကိုပုတ်၍ဖြစ်စေ၊ ခြေဖျားပုတ်၍ဖြစ်စေ တူညီသောရိုက်ချက်များ လက်တွေ့ပြုလုပ်စေခြင်းဖြင့် လေ့ကျင့်ပေးပါ။

ရိုက်ချက်တစ်ချက်ကို One Beat ဖြစ်၍ | 1 2 3 4 || 1 2 3 4 || 1 2 3 4 || 1 2 3 4 | ဟု နှုတ်မှ ရွတ်ဆို၍ လက်မှ တီးပါစေ။

သင်္ကေတများ၏တန်ဖိုး (Value of Notes) ကို သင်ကြားရာတွင် နှုတ်မှ **" တူ တူ "** အသံထွက်ကို ရွတ်ဆို၍ လက်မှ Beat ကို ရိုက်၍ လေ့ကျင့်ပါစေ။

ရပ်နားချက်နှင့် ရိုက်ချက် တန်ဖိုးတူသော သင်္ကေတများကို ယှဉ်တွဲစေခြင်းဖြင့် လေ့ကျင့်ပေးပါ။

နှစ်ယောက်တစ်တွဲ တွဲပြီး တစ်ဦးက သင်္ကေတအမည်ကိုပြော၍ တစ်ဦးက ရိုက်ချက်တီးရွတ်ဆိုခြင်းဖြင့် လေ့ကျင့်ပါစေ။

ထိုနည်းအတိုင်း 2/4 Timing နှင့် 4/4 Timing တို့ကို တစ်လှည့်စီ လေ့ကျင့်ပေးပါ။

2/4 Timing ကို လေ့ကျင့်သောအခါ | 1 2 || 1 2 | ဟု ရွတ်ဆိုစေပြီး 4/4 Timing ကို လေ့ကျင့်သောအခါ | 1 2 3 4 || 1 2 3 4 | ဟု ရွတ်ဆိုစေပါမည်။

**လေ့ကျင့်ခြင်း** **၂၀ မိနစ်**

အတန်းရှိ ကျောင်းသားအရေအတွက်ပေါ် မူတည်၍ သင့်လျော်သလို အဖွဲ့များဖွဲ့ကာ အောက်ပါမေးခွန်းများကို ဆွေးနွေးဖြေဆိုလေ့ကျင့်ပါစေ။

Double Bar Line ကို မည်သည့်နေရာတွင် သုံးသနည်း။
Beat အကြောင်းရှင်းပြပါ။
Beat များကို ကန့်သတ်ထားသော ဒေါင်လိုက်မျဉ်းတို့ကို မည်သို့ခေါ်သနည်း။
Repeat Sign သည် မည်သည့် အဓိပ္ပာယ်ဖြစ်သနည်း။
Whole Note သည် ရိုက်ချက်မည်မျှတန်ဖိုးရှိသနည်း။
ရိုက်ချက် နှစ်ချက်ရှိသော Note ၏ အမည်ကို ဖော်ပြပါ။
Half Rest ကို မည်သည့် သင်္ကေတဖြင့် ဖော်ပြသနည်း။
2/4 time အမှတ်အသားသည် ရိုက်ချက်မည်မျှကို ဖော်ညွှန်းသနည်း။
Staff မျဉ်း ၅ လိုင်းအမည်ကို ဖော်ပြပါ။
Tonic Solfa 1 2 3 4 Note တွင် အမြင့်သံကို မည်သို့ ဖော်ပြသနည်း။
Eighth Note နှစ်လုံးကို မည်သည့်ပုံစံဖြင့် ရေးသားဖော်ပြနိုင်သနည်း။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

အဖွဲ့လိုက်ဆွေးနွေးနေစဉ် ဆရာက လိုက်လံကြည့်ရှု၍ အကဲဖြတ်ပါ။ လိုအပ်ချက်များတွေ့ရှိပါက ကျောင်းသားအချင်းချင်း အကြံပြုပါစေ သို့မဟုတ် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

**အဓိကအချက်များ**

- ပလေ့သင်ခန်းစာများကို သင်ယူနိုင်ရန်အတွက် အခြေခံဂီတသင်္ကေတများကို သေချာစွာ လေ့လာသင်ယူရန် လိုအပ်သည်။
- Value of Note နှင့် Value of Rest တို့ကို သေချာစွာရှင်းပြပေးရန် လိုအပ်သည်။
- ရိုက်ချက်နှင့် သင်္ကေတကို တွဲ၍ မှတ်သားနိုင်ရန် လေ့ကျင့်ပေးပါ။

DBE Box - Copyright Protected

**၃-၁-၂။ ပလွေမှုတ်ခြင်း** **စာသင်ချိန် (၂)**

**သင်ခန်းစာမိတ်ဆက်ခြင်း** **၁၀ မိနစ်**

ပလွေမှုတ်ခြင်း သင်ခန်းစာတွင် အရေးကြီးသော ပလွေလက်ပေါက်ကိုင်ခြင်း မှန်ကန်ရန် လေအပြင်းအပျော့ မှန်ကန်ရန်အတွက် ဦးစွာ လေ့ကျင့်သင်ယူရမည်ဖြစ်ကြောင်း၊ ပလွေ၏ အပေါ်သုံးပေါက်ကို ဘယ်ဘက်လက် လက်သူကြွယ်၊ လက်ခလယ်၊ လက်ညှိုးတို့ကို အသုံးပြု၍ ပိတ်ရမည်ဖြစ်ပြီး အောက်ဘက် ၃ ပေါက်ကို ညာဘက်လက် လက်သူကြွယ်၊ လက်ခလယ်၊ လက်ညှိုးတို့ကို အသုံးပြု၍ ပိတ်ရမည်ဖြစ်ကြောင်းနှင့် လက်ပေါက်များအားလုံးကို လက်ဖြင့် လုံအောင်ပိတ်ရန်အတွက် သတိထား၍ လေ့ကျင့်ရမည်ဖြစ်ကြောင်း ဆရာကပြောပြပါ။

**သင်ကြားခြင်း** **၁၀ မိနစ်**

ကျောင်းသုံးစာအုပ်ပါပုံများ သို့မဟုတ် သင်ထောက်ကူများကို ရည်ညွှန်း၍ ဆရာက ကျောင်းသားများအား သင်္ကေတ တန်ဖိုးများကို ပလွေဖြင့် လေ့ကျင့်ခြင်း၊ သင်္ကေတတန်ဖိုးများရောနှော၍ မှုတ်ခြင်း၊ သင်္ကေတ Note များ နှင့် Rest ရပ်နားချက်များကို တွဲ၍ လေ့ကျင့်ခြင်းအကြောင်းကို ရှင်းပြပါ။

ပလွေကို အနေအထားမှန်စွာကိုင်၍ သင်္ကေတကိုကြည့်ပြီး နှုတ်မှရွတ်ဆိုပါစေ။ 4/4 time,Whole Note သင်္ကေတကို ကြည့်စေပြီး နှုတ်မှ "တူ - - -" အသံကို Beat ရိုက်ချက်လေးချက်အထိ အသံရှည်ဆွဲ၍ ရွတ်ဆိုပါစေ။

ထို့နောက် ပလွေကို ရိုက်ချက်လေးချက်စာပြည့်သည်အထိ အသံရှည်ပြည့်အောင်မှုတ်ပါစေ။ ဆရာက ရိုက်ချက်ကို လက်ခုပ်တီး၍ နှုတ်မှ ရွတ်ဆိုပေးပါ။

အထက်ပါနည်းအတိုင်း Half Note, Quarter Note, Eighth Note တို့ကို သင်ကြားလေ့ကျင့်ပေးပါ။

သင်္ကေတတန်ဖိုးများကို ဂရုတစိုက်လေ့ကျင့်ပါစေ။ Half Note သည် ရိုက်ချက်နှစ်ချက်စာ တန်ဖိုးရှိ၍ "တူ-" ဟူသော အသံထွက်ပြီး၊ Quarter Note သည် ရိုက်ချက်တစ်ချက်စာ တန်ဖိုးရှိ၍ "တူ" ဟု အသံထွက်သည်။ Eighth Note သည် ရိုက်ချက်တစ်ချက်တွင် အသံနှစ်သံ "တူ တူ" ဟု အသံထွက်ကြောင်း ရှင်းပြပါ။

သင့်လျော်သလို အဖွဲ့ဖွဲ့၍ အဖွဲ့များအား သင်္ကေတတစ်မျိုးစီကို အလှည့်ကျ မှုတ်စေခြင်းဖြင့် သင်ကြားလေ့ကျင့်ပေးပါ။ သင်္ကေတတန်ဖိုးများကို ရောနှောမှုတ်ရာတွင်လည်း ဂီတသင်္ကေတတန်ဖိုးများအတိုင်း မှုတ်နိုင်ရန် သင်ကြားလေ့ကျင့်ပေးပါ။ ဦးစွာ ဂီတသင်္ကေတကိုကြည့်၍ Beat ရိုက်ချက်ဖြင့် နှုတ်မှ ရွတ်ဆိုလေ့ကျင့်ပေးပါ။ ထို့နောက် ပလွေဖြင့် ဆက်လက်လေ့ကျင့်ပေးပါ။

ဂီတသင်္ကေတတန်ဖိုးများ (Value of Note) နှင့် ရပ်နားသင်္ကေတ (Rest) များကို လေ့ကျင့်ရာတွင် လက်မှ Beat ရိုက်ချက်ကို ပုံမှန်ရိုက်၍ နှုတ်မှ သင်္ကေတတန်ဖိုးများ (Value of Note) ကို ရွတ်ဆိုခြင်း၊ ရပ်နားသင်္ကေတ (Rest) နေရာတွင် အသံတိတ်ထားခြင်းတို့ဖြင့် ဦးစွာလေ့ကျင့်ပါ။ ထို့နောက် ပလွေဖြင့် ဆက်လက်လေ့ကျင့်ပေးပါ။

**လေ့ကျင့်ခြင်း** **၂၀ မိနစ်**

အတန်းရှိ ကျောင်းသားအရေအတွက်ပေါ် မူတည်၍ သင့်လျော်သလို အဖွဲ့များဖွဲ့က အောက်ပါမေးခွန်းများကို ဆွေးနွေးဖြေဆိုပါစေ။

ပလွေမှုတ်ရာတွင် မည်သည့် အချက်များကို ဦးစွာလေ့ကျင့်ရမည်နည်း။

ပလွေမှုတ်ရာတွင် လက်နှစ်ဖက်ကို မည်သို့ထားရမည်နည်း။

Whole Note ကို ရိုက်ချက် မည်မျှကြာအောင် အသံရှည်ဆွဲ၍ မှုတ်ရမည်နည်း။

Quarter Note ကို ရိုက်ချက် မည်မျှကြာအောင် အသံရှည်ဆွဲ၍ မှုတ်ရမည်နည်း။

Half Rest သည် ရိုက်ချက်မည်မျှ ရပ်နားရမည်နည်း။

Eighth Rest သည် ရိုက်ချက်မည်မျှ ရပ်နားရမည်နည်း။

DBE Box-Copyright Protected

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

အဖွဲ့လိုက်ဆွေးနွေးနေစဉ် ဆရာက လိုက်လံကြည့်ရှု၍ အကဲဖြတ်ပါ။ လိုအပ်ချက်များတွေ့ရှိပါက ကျောင်းသားအချင်းချင်း အကြံပြုပါစေ သို့မဟုတ် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

**အဓိကအချက်များ**

- ပလွေလေ့ကျင့်ခန်းများကို မှန်ကန်စွာ မှုတ်နိုင်ရန် (Value of Note နှင့် Value of Rest) များကို သေချာစွာ လေ့လာသင်ယူရန် လိုအပ်ပါသည်။
- ဂီတသင်္ကေတတန်ဖိုးများကို မှန်ကန်စွာ ရွတ်ဆိုတီးမှုတ်နိုင်ရန် ရိုက်ချက်ကို သတိပြု၍ ရိုက်ရန်လိုအပ်ပါသည်။
- လေ့ကျင့်ရာတွင် မှန်ကန်မှုရှိစေရန် ဆရာက Timing ကို ဖြည်းညင်းစွာ ခေါ်ပေးရပါမည်။

**၃-၁-၃။ ဂီတသင်္ကေတများကို ပလွေဖြင့်လေ့ကျင့်ခြင်း (ပလွေလက်ပေါက်လေ့ကျင့်ခြင်း)** **စာသင်ချိန် (၃)**

**သင်ခန်းစာမိတ်ဆက်ခြင်း** **၅ မိနစ်**

ပလွေမှုတ်ရာတွင် မှုတ်သွင်းသော လေကို ထိန်းသိမ်းရန်နှင့် လျှာအသုံးပြု၍ မှုတ်ရခြင်းမှာ အရေးကြီးသောအချက်ဖြစ်ကြောင်း ဆရာက ပြောပါ။

ပလွေစတင်မှုတ်ရာ၌ အသံအပြင်းအပျော့ကို ထိန်းသိမ်းနိုင်ရန် ပထမဦးစွာမှုတ်ရာတွင် လေကို ဆပ်ပြာပူပေါင်းမှုတ်သကဲ့သို့ ဖြေးညင်းစွာ မှုတ်ရမည်ဖြစ်ကြောင်း ဆရာက ရှင်းပြပါ။

လေပြင်းပြင်းမှုတ်သောအခါ အမြင့်သံ (စူးရှသောအသံ) ကို ရရှိမည်ဖြစ်ပြီး လေပျော့ပျော့မှုတ်သောအခါ အနိမ့်သံကို ရရှိနိုင်မည်ဖြစ်သည်။

**သင်ကြားခြင်း** **၂၀ မိနစ်**

ရှေးဦးစွာ ပလွေလက်ပေါက်အားလုံးကို ပိတ်၍ နှုတ်မှ **ဒို** ဟု ရွတ်ဆိုစေပါမည်။ ပုံပါအတိုင်း ဒုတိယအပေါက်ကို ဖွင့်၍ နှုတ်မှ **ရေ** ဟု ရွတ်ဆိုစေပါမည်။ ဆက်လက်၍ **မီ ဖာ ဆို လာ တီ** အထိ လက်ပေါက် တစ်ပေါက်စီကို ဖွင့်၍ နှုတ်မှ ရွတ်ဆိုပါစေ။ **တီ** အသံတွင် လက်ပေါက်အားလုံး ဖွင့်ထားသည့်အတွက် လက်မ၊ လက်သန်းတို့ဖြင့် ထိန်းထားရမည်ဖြစ်ကြောင်းပြောပါ။ လက်ပေါက်အားလုံးကို ဖွင့်ထားပြီး **တီ** ဟု ရွတ်ဆိုပါစေ။

ထို့နောက် အပေါ်မှ ဘယ်လက်ညှိုးကို ပိတ်ပြီး **လာ** ဟု ရွတ်ဆိုပါစေ။ လက်ခလယ်ကို ပိတ်ပြီး **ဆို** ဟု ရွတ်ဆိုပါစေ။ ထိုနည်းအတိုင်း လက်ပေါက် တစ်ပေါက်ချင်းစီ အစဉ်လိုက်ပိတ်ပြီး **ဖာ မီ ရေ ဒို** ဟု ရွတ်ဆိုစေပါမည်။ ထိုအတိုင်း အသံတစ်ပြန် (One Octave) ကို အတက်အဆင်း လက်ပေါက်ဖွင့်ပိတ်အား နှုတ်မှ ရွတ်ဆို၍ လေ့ကျင့်စေပါမည်။ ထိုနည်းအတိုင်း အကြိမ်များစွာ လေ့ကျင့်ပါက ပလွေသံစဉ် တည်နေရာကို သိရှိနိုင်ပြီး လွယ်ကူစွာ မှုတ်နိုင်မည် ဖြစ်ကြောင်းပြောပါ။

ပလွေကို တစ်ပေါက်စီ ဖွင့်သောအခါ မြင့်တက်သွားသော အသံ **(ဒို ရေ မီ ဖာ ဆို လာ တီ ဒို့)** ကို ရရှိမည်ဖြစ်ပြီး တစ်ပေါက်စီ ပိတ်သောအခါ နိမ့်ဆင်းသွားသောအသံ **(ဒို့ တီ လာ ဆို ဖာ မီ ရေ ဒို)** ကို ရရှိမည်ဖြစ်ကြောင်း ပြောပါ။

**လေ့ကျင့်ခြင်း** **၂၀ မိနစ်**

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ တစ်ဖွဲ့က **ဒို ရေ မီ ဖာ ဆို လာ တီ ဒို့** သင်္ကေတများကို နှုတ်မှ ရွတ်ဆိုစေ၍ တစ်ဖွဲ့က ၎င်းသင်္ကေတများကို ပလွေဖြင့် လေ့ကျင့်ပါစေ။

DBE Box - Copyright Protected

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ တစ်ဖွဲ့ကို "ရှမ်းရိုးမက အိုးစည်သံ" သီချင်း အပိုဒ် (၁) ၏ ဂီတသင်္ကေတကို အသံနေအသံထားမှန်ကန်စွာ သီဆိုစေပြီး တစ်ဖွဲ့က ပလွေဖြင့် လေ့ကျင့်ပါစေ။ သီဆိုလေ့ကျင့်မှုကို အပြန်အလှန် အကဲဖြတ်ပါစေ။ အကြံပြုပါစေ။ အချင်းချင်း ကူညီသီဆိုလေ့ကျင့်ပါစေ။

ကျောင်းသားတိုင်းပါဝင်နိုင်ရန်နှင့် စနစ်တကျရှိရန် ဆရာကကြီးကြပ်ပေးပါ။

ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ ၃၄ နှင့် ၃၅ မှ Whole Note, Half Note, Quarter Note နှင့် Eighth Note တို့ကို ရှင်းပြပါ။

**၃-၂။ "ရှမ်းရိုးမက အိုးစည်သံ" သီချင်း** **စာသင်ချိန် ၂ ချိန်**

**၃-၂-၁။ "ရှမ်းရိုးမက အိုးစည်သံ" သီချင်း၏အဓိပ္ပာယ်ကို လေ့လာခြင်း၊ အသံနေအသံထား စည်းဝါး မှန်ကန်စွာဖြင့် သီဆိုခြင်း နှင့် ဒို ရေ မီ သင်္ကေတဖြင့် သီဆိုခြင်း** **စာသင်ချိန် (၁)**

**သင်ခန်းစာမိတ်ဆက်ခြင်း** **၅ မိနစ်**

ဆရာက ကျောင်းသားများအား မိမိကြားဖူးသော သီချင်းအမျိုးအစားများကို မေးမြန်းပါ။ ကျောင်းသား ၃ ဦး ၄ ဦးခန့် ဖြေဆိုပါစေ။ မူလတန်းတွင် မည်သည်တို့ကို သင်ယူခဲ့ကြသနည်းဟုမေးပါ။ ဆရာက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်း၍ နိဒါန်းပျိုးပေးပါ။

ရှမ်းတိုင်းရင်းသားများ၏ ရိုးရာဓလေ့ ထုံးတမ်းစဉ်လာများနှင့် ရှမ်းပြည်၏ သဘာဝအလှတရားများအကြောင်း ရေးဖွဲ့ထားသော သီချင်းကို သင်ပေးမည်ဟု ပြောပါ။

**သင်ကြားခြင်း** **၂၀ မိနစ်**

"ရှမ်းရိုးမက အိုးစည်သံ" သီချင်း အစမှ အဆုံးထိ ဆရာက စည်းဝါးတီး၍ ဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြသည်ကို စာသားအား ကြည့်၍ သေချာစွာနားထောင်ပါစေ။

သီချင်းစာသားများအား သေချာစွာ ကြည့်ရှု နားထောင်ပါစေ။

သီချင်းစာသားများအား အသံနေအသံထားမှန်ကန်စွာ လေ့ကျင့်သင်ယူစေပါမည်။

DBE Box - Copyright Protected

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ တစ်ဖွဲ့ကို "ရှမ်းရိုးမက အိုးစည်သံ" သီချင်း အပိုဒ် (၁) ၏ ဂီတသင်္ကေတကို အသံနေအသံထားမှန်ကန်စွာ သီဆိုစေပြီး တစ်ဖွဲ့က ပလွေဖြင့် လေ့ကျင့်ပါစေ။ သီဆိုလေ့ကျင့်မှုကို အပြန်အလှန် အကဲဖြတ်ပါစေ။ အကြံပြုပါစေ။ အချင်းချင်း ကူညီသီဆိုလေ့ကျင့်ပါစေ။

ကျောင်းသားတိုင်းပါဝင်နိုင်ရန်နှင့် စနစ်တကျရှိရန် ဆရာကကြီးကြပ်ပေးပါ။

ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ ၃၄ နှင့် ၃၅ မှ Whole Note, Half Note, Quarter Note နှင့် Eighth Note တို့ကို ရှင်းပြပါ။

## ၃-၂။ "ရှမ်းရိုးမက အိုးစည်သံ" သီချင်း စာသင်ချိန် ၂ ချိန်

### ၃-၂-၁။ "ရှမ်းရိုးမက အိုးစည်သံ" သီချင်း၏အဓိပ္ပာယ်ကို လေ့လာခြင်း၊ အသံနေအသံထား စည်းဝါး မှန်ကန်စွာဖြင့် သီဆိုခြင်း နှင့် ဒို ရေ မီ သင်္ကေတဖြင့် သီဆိုခြင်း စာသင်ချိန် (၁)

**သင်ခန်းစာမိတ်ဆက်ခြင်း** **၅ မိနစ်**

ဆရာက ကျောင်းသားများအား မိမိကြားဖူးသော သီချင်းအမျိုးအစားများကို မေးမြန်းပါ။ ကျောင်းသား ၃ ဦး ၄ ဦးခန့် ဖြေဆိုပါစေ။ မူလတန်းတွင် မည်သည်တို့ကို သင်ယူခဲ့ကြသနည်းဟုမေးပါ။ ဆရာက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်း၍ နိဒါန်းပျိုးပေးပါ။

ရှမ်းတိုင်းရင်းသားများ၏ ရိုးရာဓလေ့ ထုံးတမ်းစဉ်လာများနှင့် ရှမ်းပြည်၏ သဘာဝအလှတရားများအကြောင်း ရေးဖွဲ့ထားသော သီချင်းကို သင်ပေးမည်ဟု ပြောပါ။

**သင်ကြားခြင်း** **၂၀ မိနစ်**

"ရှမ်းရိုးမက အိုးစည်သံ" သီချင်း အစမှ အဆုံးထိ ဆရာက စည်းဝါးတီး၍ ဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြသည်ကို စာသားအား ကြည့်၍ သေချာစွာနားထောင်ပါစေ။

သီချင်းစာသားများအား သေချာစွာ ကြည့်ရှု နားထောင်ပါစေ။

သီချင်းစာသားများအား အသံနေအသံထားမှန်ကန်စွာ လေ့ကျင့်သင်ယူစေပါမည်။

DBE Box - Copyright Protected

**" ရှမ်းရိုးမက အိုးစည်သံ " သီချင်း**




DBE Box - Copyright Protected

**လေ့ကျင့်ခြင်း** **၁၅ မိနစ်**

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ တစ်ဖွဲ့ကို "ရှမ်းရိုးမက အိုးစည်သံ" သီချင်းအား အသံနေအသံထားမှန်ကန်စွာ အပြန်အလှန် သီဆိုစေပါမည်။ သီဆိုမှုကို အပြန်အလှန် အကဲဖြတ်ပါစေ။ အကြံပြုပါစေ။ အချင်းချင်း ကူညီသီဆိုပါစေ။

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ တစ်ဖွဲ့ကို "ရှမ်းရိုးမက အိုးစည်သံ" သီချင်း အပိုဒ် ၁ ၏ ဂီတသင်္ကေတကို အသံနေအသံထား မှန်ကန်စွာ အပြန်အလှန်သီဆိုပါစေ။ သီဆိုမှုကို အပြန်အလှန် အကဲဖြတ်ပါစေ။ အကြံပြုပါစေ။ အချင်းချင်း ကူညီ သီဆိုပါစေ။

ကျောင်းသားတိုင်းပါဝင်နိုင်ရန်နှင့် စနစ်တကျရှိရန် ဆရာက ကြီးကြပ်ပေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

အဖွဲ့လိုက်ဆွေးနွေးနေစဉ် ဆရာက လိုက်လံကြည့်ရှု၍ အကဲဖြတ်ပါ။ လိုအပ်ချက်များတွေ့ရှိပါက ကျောင်းသား အချင်းချင်း အကြံပြုပါစေ သို့မဟုတ် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ ၃၈ မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းပြ ဆွေးနွေးပါ။

**၃-၂-၂။ "ရှမ်းရိုးမက အိုးစည်သံ" သီချင်းကို ပလွေဖြင့် စည်းချက်ညီညီမှုတ်ခြင်း** **စာသင်ချိန် (၂)**

**သင်ခန်းစာမိတ်ဆက်ခြင်း** **၅ မိနစ်**

"ရှမ်းရိုးမက အိုးစည်သံ"သီချင်းကို ပလွေဖြင့် စည်းချက်ညီညီ မှုတ်ကြမည်ဟု ပြော၍ နိဒါန်းပျိုးပေးပါ။

**သင်ကြားခြင်း** **၂၀ မိနစ်**

ဆရာက ပထမပိုဒ် ရှစ်ဘားကို ဖြည်းညင်းစွာ မှုတ်ပြ၍ ကျောင်းသားများအား နားထောင်စေပါမည်။

တစ်ဘားချင်းစီကို ပလွေလက်ပေါက်မှန်ကန်စွာ ဖွင့်စေပြီး နှုတ်မှ ဂီတသင်္ကေတကို ရွတ်ဆိုပါစေ။

နှစ်ယောက်တစ်တွဲစီတွဲ၍ ဂီတသင်္ကေတကို နှုတ်မှ ရွတ်ဆိုပြီး လက်ပေါက်မှန် မမှန်ကို အချင်းချင်းကြည့်ရှုကာ ကူညီ၍ ပြင်ပေးပါစေ။

ဆရာနှင့် အတူ လက်ပေါက်အဖွင့်အပိတ်မှန်ကန်စေရန် ဂရုစိုက်၍ မှုတ်စေပါမည်။

မိမိတို့ကိုယ်တိုင်မှုတ်ပါစေ။

ဒုတိယပိုဒ် ရှစ်ဘားနှင့် တတိယပိုဒ် ခုနစ်ဘားတို့ကို အထက်ပါနည်းအတိုင်း ဆက်လက်လေ့ကျင့်သင်ယူစေ ပါမည်။

ထို့နောက် တေးသီချင်းအစမှအဆုံးထိ ဆရာမှုတ်ပြသည့်အတိုင်း လိုက်မှုတ်ပါစေ။

ကျောင်းသားများကိုယ်တိုင် တေးသီချင်းအစမှ အဆုံးထိ တစ်ဆက်တည်း မှုတ်စေပါမည်။

**လေ့ကျင့်ခြင်း** **၁၅ မိနစ်**

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ တစ်ဖွဲ့က ဂီတသင်္ကေတကို သီဆိုပြီး ကျန်အဖွဲ့က ဂီတသင်္ကေတကို ကြည့်၍ ပလွေဖြင့် မှုတ်စေပါမည်။ အပြန်အလှန် အကဲဖြတ်ပါစေ။ အကြံပြုပါစေ။ အချင်းချင်း ကူညီပါစေ။

DBE Box - Copyright Protected

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

အဖွဲ့လိုက်လေ့ကျင့်နေစဉ် ဆရာက လိုက်လံကြည့်ရှု၍ အကဲဖြတ်ပါ။ လိုအပ်ချက်များတွေ့ရှိပါက ကျောင်းသားအချင်းချင်း အကြံပြုပါစေ သို့မဟုတ် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ ၃၉ မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းပြဆွေးနွေးပါ။

**၃–၃။ " ကျောင်းကောင်စီ " သီချင်း** **စာသင်ချိန် ၂ ချိန်**

**၃–၃–၁။ "ကျောင်းကောင်စီ" သီချင်း၏အဓိပ္ပာယ်ကို လေ့လာခြင်း၊ အသံနေအသံထား စည်းဝါးမှန်ကန်စွာဖြင့် သီဆိုခြင်း နှင့် ဒို ရေ မီ သင်္ကေတဖြင့် သီဆိုခြင်း** **စာသင်ချိန် (၁)**

**သင်ခန်းစာမိတ်ဆက်ခြင်း** **၅ မိနစ်**

အသင်းအဖွဲ့နှင့် စုပေါင်းလုပ်ကိုင်လိုစိတ်၊ ပတ်ဝန်းကျင်ကို ကူညီလိုစိတ်၊ တာဝန်ယူလိုစိတ်၊ မိမိကိုယ်ကျိုးကို မကြည့်ဘဲ အများအကျိုးသယ်ပိုးထမ်းဆောင်လိုစိတ်များဖြစ်ပေါ်လာစေရန် ရေးဖွဲ့ထားသော သီချင်းဖြစ်ကြောင်းပြောပါ။

DBE Box - Copyright Protected

## “ ကျောင်းကောင်စီ ” သီချင်း




DBE Box - Copyright Protected

**သင်ကြားခြင်း** **၂၀ မိနစ်**

"ကျောင်းကောင်စီ" သီချင်း အစမှ အဆုံးထိ ဆရာက စည်းဝါးတီးခတ်၍ ဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြသည်ကို စာသားအားကြည့်၍ သေချာစွာနားထောင်ပါစေ။

အပိုဒ် ၁၊ အပိုဒ် ၂ နှင့် အပိုဒ် ၃ သီချင်းစာသားများအား ကြည့်ပြီး ဆရာက စည်းဝါးတီးခတ်၍ ဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြသည်ကို ဂရုတစိုက်နားထောင်ပါစေ။

သီချင်းစာသားကို ကြည့်ရှုနားထောင်ပြီး သီချင်း၏ အဓိပ္ပာယ်နှင့် မည်သို့ခံစားရသည်ကို အုပ်စုဖွဲ့၍ဆွေးနွေးပါစေ။ ဆရာက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပေးပါ။

**လေ့ကျင့်ခြင်း** **၁၅ မိနစ်**

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ တစ်ဖွဲ့ချင်းကို "ကျောင်းကောင်စီ" သီချင်းအား အသံနေအသံထားမှန်ကန်စွာ သီဆိုစေပါမည်။ သီဆိုမှုကို အပြန်အလှန် အကဲဖြတ်ပါစေ။ အကြံပြုပါစေ။ အချင်းချင်း ကူညီသီဆိုပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

အဖွဲ့လိုက်သီဆိုနေစဉ် ဆရာက လိုက်လံကြည့်ရှု၍ အကဲဖြတ်ပါ။ အကဲဖြတ်တွေ့ရှိချက်များကို ကျောင်းသားများအား ပြောပြပါ။ လိုအပ်သည်များကို ပြုပြင်ရန်ပြောပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ သို့မဟုတ် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ ၄၂ မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းပြဆွေးနွေးပါ။

**၃-၃-၂။ "ကျောင်းကောင်စီ" သီချင်းကို ပလွေဖြင့် စည်းချက်ညီညီမှုတ်ခြင်း** **စာသင်ချိန် (၂)**

**သင်ခန်းစာမိတ်ဆက်ခြင်း** **၅ မိနစ်**

"ကျောင်းကောင်စီ" သီချင်းကို ပလွေဖြင့် စည်းချက်ညီညီ မှုတ်ကြရမည်ဖြစ်ကြောင်း ဆရာက ပြောကြား၍ နိဒါန်းပျိုးပါ။

**သင်ကြားခြင်း** **၂၀ မိနစ်**

"ကျောင်းကောင်စီ" တေးသီချင်း၏ ဂီတသင်္ကေတများကို ဆရာက အစ အဆုံးမှုတ်ပြ၍ ကျောင်းသားများအား သေချာစွာ ဂရုတစိုက် နားထောင်ပါစေ။

ပထမပိုဒ် ရှစ်ဘားအား ဆရာက ဖြည်းညင်းစွာ မှုတ်ပြပါ။

တစ်ဘားချင်းစီကို ပလွေလက်ပေါက်မှန်ကန်စွာ ဖွင့်စေပြီး နှုတ်မှ ဂီတသင်္ကေတကို ရွတ်ဆိုပါစေ။

နှစ်ယောက်တစ်တွဲစီတွဲ၍ ဂီတသင်္ကေတကို နှုတ်မှရွတ်ဆိုပြီး လက်ပေါက်မှန် မမှန်ကို အချင်းချင်းကြည့်ရှုပါစေ။ လိုအပ်ချက်များရှိပါက ဆရာက ကူညီ၍ ပြင်ပေးပါ။

ဆရာနှင့် အတူ လက်ပေါက်အဖွင့်အပိတ်မှန်ကန်စေရန် ဂရုစိုက်၍ မှုတ်ပါစေ။

မိမိတို့ကိုယ်တိုင်မှုတ်ပါစေ။

ဒုတိယပိုဒ် ခြောက်ဘားနှင့် တတိယပိုဒ် ဆယ့်တစ်ဘားတို့ကို အထက်ပါနည်းအတိုင်း ဆက်လက်လေ့ကျင့်သင်ယူစေပါမည်။

ထို့နောက် တေးသီချင်းအစမှအဆုံးထိ ဆရာမှုတ်ပြသည့်အတိုင်း လိုက်မှုတ်ပါစေ။

ကျောင်းသားများကိုယ်တိုင် တေးသီချင်းအစမှ အဆုံးထိ တစ်ဆက်တည်း မှုတ်ပါစေ။

DBEBox - Copyright Protected

**လေ့ကျင့်ခြင်း** **၁၅ မိနစ်**

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ တစ်ဖွဲ့က ဂီတသင်္ကေတကို သီဆိုပြီး ကျန်အဖွဲ့က ဂီတသင်္ကေတကိုကြည့်၍ ပလွေဖြင့် မှုတ်စေပါမည်။ အပြန်အလှန် အကဲဖြတ်ပါစေ။ အကြံပြုပါစေ။ အချင်းချင်း ကူညီပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

အဖွဲ့လိုက်လေ့ကျင့်နေစဉ် ဆရာက လိုက်လံကြည့်ရှု၍ အကဲဖြတ်ပါ။ လိုအပ်ချက်များတွေ့ရှိပါက ကျောင်းသား အချင်းချင်း အကြံပြုပါစေ သို့မဟုတ် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ ၄၃ မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းပြ ဆွေးနွေးပါ။

**၃-၄။ အထွေထွေ ဗဟုသုတ** **စာသင်ချိန် ၁ ချိန်**

**၃-၄-၁။ အိုးစည်ဝိုင်း** **စာသင်ချိန် (၁)**

**သင်ခန်းစာမိတ်ဆက်ခြင်း** **၅ မိနစ်**

အိုးစည်သည် မြန်မာနိုင်ငံတော်ရှိ တိုင်းရင်းသားများ အမြတ်တနိုးရှိသည့် သားရေတူရိယာတစ်မျိုးဖြစ်ကြောင်း၊ ပြည်သူနှင့် အနီးကပ်ဆုံးတူရိယာဖြစ်ကြောင်းပြောပါ။ ပြည်ထောင်စုဖွား တိုင်းရင်းသားများတွင်လည်း ရိုးရာအိုးစည်များ ရှိကြောင်းနှင့် အိုးစည်သည် သားရေတူရိယာတစ်မျိုးဖြစ်ပြီး အဘိဓာန်ကျမ်းဂန်လာ စည် ၅ မျိုးအနက် 'အာတတ' စည်ဟုခေါ်သော တစ်ဖက်ပိတ်စည်အမျိုးအစားပင်ဖြစ်သည်ဟုပြော၍ နိဒါန်းပျိုးပါ။

**သင်ကြားခြင်း** **၂၅ မိနစ်**

ဆရာက ကျောင်းသားများအား ကျောင်းသုံးစာအုပ်ပါ အိုးစည်တူရိယာ စတင်ပေါ်ပေါက်လာပုံ၊ အိုးစည် တူရိယာကို ခေတ်အဆက်ဆက် အသုံးပြုပုံ၊ အိုးစည်ဝိုင်းပါဝင်ဖွဲ့စည်းပုံနှင့် အိုးစည်သည် မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာ တူရိယာဖြစ်ပုံတို့ကို ဆွေးနွေးသင်ကြားပါ။

**လေ့ကျင့်ခြင်း** **၁၀ မိနစ်**

အိုးစည်ဝိုင်းသင်ခန်းစာပါ အကြောင်းအရာများကို ကျောင်းသားများအား အုပ်စုလိုက် ဆွေးနွေးပါစေ။

ကျောင်းသားတိုင်းပါဝင်နိုင်ရန်နှင့် စနစ်တကျရှိရန် ဆရာကကြီးကြပ်ပေးပါ။

ဆရာက အောက်ပါမေးခွန်းများကို မေးမြန်းဆွေးနွေးပါ။

အိုးစည်သည် မည်သို့သော တူရိယာဖြစ်သနည်း။

အိုးစည်၏ အတိုင်းအတာကို ဖော်ပြပါ။

ရှေးခေတ်နန်းသုံးအိုးစည်များကို မည်သို့ ခွဲခြားသတ်မှတ်ထားသနည်း။

အိုးစည် တီးခတ်နည်းများကို ဖော်ပြပါ။

ကျေးလက်ပျော်ပွဲရွှင်ပွဲများတွင် အိုးစည်ဝိုင်းပါဝင်ရခြင်းမှာ အဘယ်ကြောင့်နည်း။

ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာပွဲတော်များတွင် ရှမ်းအိုးစည်ဝိုင်းနှင့်အတူ မည်သည့်အကများ ပါဝင်သနည်း။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

အဖွဲ့လိုက်ဆွေးနွေးနေစဉ် ဆရာက လိုက်လံကြည့်ရှု၍ အကဲဖြတ်ပါ။ လိုအပ်ချက်များတွေ့ရှိပါက ကျောင်းသား အချင်းချင်း အကြံပြုပါစေ သို့မဟုတ် ဆရာက ဖြည့်စွက်ဆွေးနွေးပေးပါ။

DBE Box - Copyright Protected

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

အဖွဲ့လိုက်လေ့ကျင့်နေစဉ် ဆရာက လိုက်လံကြည့်ရှု၍ အကဲဖြတ်ပါ။ လိုအပ်ချက်များတွေ့ရှိပါက ကျောင်းသား အချင်းချင်း အကြံပြုပါစေ သို့မဟုတ် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ ၃၉ မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းပြ ဆွေးနွေးပါ။

**၃-၃။ " ကျောင်းကောင်စီ " သီချင်း** **စာသင်ချိန် ၂ ချိန်**

**၃-၃-၁။ "ကျောင်းကောင်စီ" သီချင်း၏အဓိပ္ပာယ်ကို လေ့လာခြင်း၊ အသံနေအသံထား စည်းဝါးမှန်ကန်စွာဖြင့် သီဆိုခြင်း နှင့် ဒို ရေ မီ သင်္ကေတဖြင့် သီဆိုခြင်း** **စာသင်ချိန် (၁)**

**သင်ခန်းစာမိတ်ဆက်ခြင်း** **၅ မိနစ်**

အသင်းအဖွဲ့နှင့် စုပေါင်းလုပ်ကိုင်လိုစိတ်၊ ပတ်ဝန်းကျင်ကို ကူညီလိုစိတ်၊ တာဝန်ယူလိုစိတ်၊ မိမိကိုယ်ကျိုးကို မကြည့်ဘဲ အများအကျိုးသယ်ပိုးထမ်းဆောင်လိုစိတ်များဖြစ်ပေါ်လာစေရန် ရေးဖွဲ့ထားသော သီချင်းဖြစ်ကြောင်းပြောပါ။

DBE Box - Copyright Protected

## " ကျောင်းကောင်စီ " သီချင်း




DBE Box - Copyright Protected

**သင်ကြားခြင်း** **၂၀ မိနစ်**

"ကျောင်းကောင်စီ" သီချင်း အစမှ အဆုံးထိ ဆရာက စည်းဝါးတီးခတ်၍ ဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြသည်ကို စာသားအားကြည့်၍ သေချာစွာနားထောင်ပါစေ။

အပိုဒ် ၁၊ အပိုဒ် ၂ နှင့် အပိုဒ် ၃ သီချင်းစာသားများအား ကြည့်ပြီး ဆရာက စည်းဝါးတီးခတ်၍ ဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြသည်ကို ဂရုတစိုက်နားထောင်ပါစေ။

သီချင်းစာသားကို ကြည့်ရှုနားထောင်ပြီး သီချင်း၏ အဓိပ္ပာယ်နှင့် မည်သို့ခံစားရသည်ကို အုပ်စုဖွဲ့၍ဆွေးနွေးပါစေ။ ဆရာက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပေးပါ။

**လေ့ကျင့်ခြင်း** **၁၅ မိနစ်**

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ တစ်ဖွဲ့ချင်းကို "ကျောင်းကောင်စီ" သီချင်းအား အသံနေအသံထားမှန်ကန်စွာ သီဆိုစေပါမည်။ သီဆိုမှုကို အပြန်အလှန် အကဲဖြတ်ပါစေ။ အကြံပြုပါစေ။ အချင်းချင်း ကူညီသီဆိုပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

အဖွဲ့လိုက်သီဆိုနေစဉ် ဆရာက လိုက်လံကြည့်ရှု၍ အကဲဖြတ်ပါ။ အကဲဖြတ်တွေ့ရှိချက်များကို ကျောင်းသားများအား ပြောပြပါ။ လိုအပ်သည်များကို ပြုပြင်ရန်ပြောပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ သို့မဟုတ် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ ၄၂ မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းပြဆွေးနွေးပါ။

**၃-၃-၂။ "ကျောင်းကောင်စီ" သီချင်းကို ပလွေဖြင့် စည်းချက်ညီညီမှုတ်ခြင်း** **စာသင်ချိန် (၂)**

**သင်ခန်းစာမိတ်ဆက်ခြင်း** **၅ မိနစ်**

"ကျောင်းကောင်စီ" သီချင်းကို ပလွေဖြင့် စည်းချက်ညီညီ မှုတ်ကြရမည်ဖြစ်ကြောင်း ဆရာက ပြောကြား၍ နိဒါန်းပျိုးပါ။

**သင်ကြားခြင်း** **၂၀ မိနစ်**

"ကျောင်းကောင်စီ" တေးသီချင်း၏ ဂီတသင်္ကေတများကို ဆရာက အစ အဆုံးမှုတ်ပြ၍ ကျောင်းသားများအား သေချာစွာ ဂရုတစိုက် နားထောင်ပါစေ။

ပထမပိုဒ် ရှစ်ဘားအား ဆရာက ဖြည်းညင်းစွာ မှုတ်ပြပါ။

တစ်ဘားချင်းစီကို ပလွေလက်ပေါက်မှန်ကန်စွာ ဖွင့်စေပြီး နှုတ်မှ ဂီတသင်္ကေတကို ရွတ်ဆိုပါစေ။

နှစ်ယောက်တစ်တွဲစီတွဲ၍ ဂီတသင်္ကေတကို နှုတ်မှရွတ်ဆိုပြီး လက်ပေါက်မှန် မမှန်ကို အချင်းချင်းကြည့်ရှုပါစေ။ လိုအပ်ချက်များရှိပါက ဆရာက ကူညီ၍ ပြင်ပေးပါ။

ဆရာနှင့် အတူ လက်ပေါက်အဖွင့်အပိတ်မှန်ကန်စေရန် ဂရုစိုက်၍ မှုတ်ပါစေ။

မိမိတို့ကိုယ်တိုင်မှုတ်ပါစေ။

ဒုတိယပိုဒ် ခြောက်ဘားနှင့် တတိယပိုဒ် ဆယ့်တစ်ဘားတို့ကို အထက်ပါနည်းအတိုင်း ဆက်လက်လေ့ကျင့်သင်ယူစေပါမည်။

ထို့နောက် တေးသီချင်းအစမှအဆုံးထိ ဆရာမှုတ်ပြသည့်အတိုင်း လိုက်မှုတ်ပါစေ။

ကျောင်းသားများကိုယ်တိုင် တေးသီချင်းအစမှ အဆုံးထိ တစ်ဆက်တည်း မှုတ်ပါစေ။

DBEBox - Copyright Protected

**လေ့ကျင့်ခြင်း** **၁၅ မိနစ်**

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ တစ်ဖွဲ့က ဂီတသင်္ကေတကို သီဆိုပြီး ကျန်အဖွဲ့က ဂီတသင်္ကေတကိုကြည့်၍ ပလွေဖြင့် မှုတ်စေပါမည်။ အပြန်အလှန် အကဲဖြတ်ပါစေ။ အကြံပြုပါစေ။ အချင်းချင်း ကူညီပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

အဖွဲ့လိုက်လေ့ကျင့်နေစဉ် ဆရာက လိုက်လံကြည့်ရှု၍ အကဲဖြတ်ပါ။ လိုအပ်ချက်များတွေ့ရှိပါက ကျောင်းသား အချင်းချင်း အကြံပြုပါစေ သို့မဟုတ် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ ၄၃ မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းပြ ဆွေးနွေးပါ။

**၃-၄။ အထွေထွေ ဗဟုသုတ** **စာသင်ချိန် ၁ ချိန်**

**၃-၄-၁။ အိုးစည်ဝိုင်း** **စာသင်ချိန် (၁)**

**သင်ခန်းစာမိတ်ဆက်ခြင်း** **၅ မိနစ်**

အိုးစည်သည် မြန်မာနိုင်ငံတော်ရှိ တိုင်းရင်းသားများ အမြတ်တနိုးရှိသည့် သားရေတူရိယာတစ်မျိုးဖြစ်ကြောင်း၊ ပြည်သူနှင့် အနီးကပ်ဆုံးတူရိယာဖြစ်ကြောင်းပြောပါ။ ပြည်ထောင်စုဖွား တိုင်းရင်းသားများတွင်လည်း ရိုးရာအိုးစည်များ ရှိကြောင်းနှင့် အိုးစည်သည် သားရေတူရိယာတစ်မျိုးဖြစ်ပြီး အဘိဓာန်ကျမ်းဂန်လာ စည် ၅ မျိုးအနက် 'အာတတ' စည်ဟုခေါ်သော တစ်ဖက်ပိတ်စည်အမျိုးအစားပင်ဖြစ်သည်ဟုပြော၍ နိဒါန်းပျိုးပါ။

**သင်ကြားခြင်း** **၂၅ မိနစ်**

ဆရာက ကျောင်းသားများအား ကျောင်းသုံးစာအုပ်ပါ အိုးစည်တူရိယာ စတင်ပေါ်ပေါက်လာပုံ၊ အိုးစည် တူရိယာကို ခေတ်အဆက်ဆက် အသုံးပြုပုံ၊ အိုးစည်ဝိုင်းပါဝင်ဖွဲ့စည်းပုံနှင့် အိုးစည်သည် မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာ တူရိယာဖြစ်ပုံတို့ကို ဆွေးနွေးသင်ကြားပါ။

**လေ့ကျင့်ခြင်း** **၁၀ မိနစ်**

အိုးစည်ဝိုင်းသင်ခန်းစာပါ အကြောင်းအရာများကို ကျောင်းသားများအား အုပ်စုလိုက် ဆွေးနွေးပါစေ။

ကျောင်းသားတိုင်းပါဝင်နိုင်ရန်နှင့် စနစ်တကျရှိရန် ဆရာကကြီးကြပ်ပေးပါ။

ဆရာက အောက်ပါမေးခွန်းများကို မေးမြန်းဆွေးနွေးပါ။

အိုးစည်သည် မည်သို့သော တူရိယာဖြစ်သနည်း။

အိုးစည်၏ အတိုင်းအတာကို ဖော်ပြပါ။

ရှေးခေတ်နန်းသုံးအိုးစည်များကို မည်သို့ ခွဲခြားသတ်မှတ်ထားသနည်း။

အိုးစည် တီးခတ်နည်းများကို ဖော်ပြပါ။

ကျေးလက်ပျော်ပွဲရွှင်ပွဲများတွင် အိုးစည်ဝိုင်းပါဝင်ရခြင်းမှာ အဘယ်ကြောင့်နည်း။

ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာပွဲတော်များတွင် ရှမ်းအိုးစည်ဝိုင်းနှင့်အတူ မည်သည့်အကများ ပါဝင်သနည်း။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

အဖွဲ့လိုက်ဆွေးနွေးနေစဉ် ဆရာက လိုက်လံကြည့်ရှု၍ အကဲဖြတ်ပါ။ လိုအပ်ချက်များတွေ့ရှိပါက ကျောင်းသား အချင်းချင်း အကြံပြုပါစေ သို့မဟုတ် ဆရာက ဖြည့်စွက်ဆွေးနွေးပေးပါ။

DBE Box - Copyright Protected

**လေ့ကျင့်ခြင်း** **၁၅ မိနစ်**

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ တစ်ဖွဲ့က ဂီတသင်္ကေတကို သီဆိုပြီး ကျန်အဖွဲ့က ဂီတသင်္ကေတကိုကြည့်၍ ပလွေဖြင့် မှုတ်စေပါမည်။ အပြန်အလှန် အကဲဖြတ်ပါစေ။ အကြံပြုပါစေ။ အချင်းချင်း ကူညီပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

အဖွဲ့လိုက်လေ့ကျင့်နေစဉ် ဆရာက လိုက်လံကြည့်ရှု၍ အကဲဖြတ်ပါ။ လိုအပ်ချက်များတွေ့ရှိပါက ကျောင်းသား အချင်းချင်း အကြံပြုပါစေ သို့မဟုတ် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ ၄၃ မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းပြ ဆွေးနွေးပါ။

**၃-၄။ အထွေထွေ ဗဟုသုတ** **စာသင်ချိန် ၁ ချိန်**

**၃-၄-၁။ အိုးစည်ဝိုင်း** **စာသင်ချိန် (၁)**

**သင်ခန်းစာမိတ်ဆက်ခြင်း** **၅ မိနစ်**

အိုးစည်သည် မြန်မာနိုင်ငံတော်ရှိ တိုင်းရင်းသားများ အမြတ်တနိုးရှိသည့် သားရေတူရိယာတစ်မျိုးဖြစ်ကြောင်း၊ ပြည်သူနှင့် အနီးကပ်ဆုံးတူရိယာဖြစ်ကြောင်းပြောပါ။ ပြည်ထောင်စုဖွား တိုင်းရင်းသားများတွင်လည်း ရိုးရာအိုးစည်များ ရှိကြောင်းနှင့် အိုးစည်သည် သားရေတူရိယာတစ်မျိုးဖြစ်ပြီး အဘိဓာန်ကျမ်းဂန်လာ စည် ၅ မျိုးအနက် 'အာတတ' စည်ဟုခေါ်သော တစ်ဖက်ပိတ်စည်အမျိုးအစားပင်ဖြစ်သည်ဟုပြော၍ နိဒါန်းပျိုးပါ။

**သင်ကြားခြင်း** **၂၅ မိနစ်**

ဆရာက ကျောင်းသားများအား ကျောင်းသုံးစာအုပ်ပါ အိုးစည်တူရိယာ စတင်ပေါ်ပေါက်လာပုံ၊ အိုးစည် တူရိယာကို ခေတ်အဆက်ဆက် အသုံးပြုပုံ၊ အိုးစည်ဝိုင်းပါဝင်ဖွဲ့စည်းပုံနှင့် အိုးစည်သည် မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာ တူရိယာဖြစ်ပုံတို့ကို ဆွေးနွေးသင်ကြားပါ။

**လေ့ကျင့်ခြင်း** **၁၀ မိနစ်**

အိုးစည်ဝိုင်းသင်ခန်းစာပါ အကြောင်းအရာများကို ကျောင်းသားများအား အုပ်စုလိုက် ဆွေးနွေးပါစေ။

ကျောင်းသားတိုင်းပါဝင်နိုင်ရန်နှင့် စနစ်တကျရှိရန် ဆရာကကြီးကြပ်ပေးပါ။

ဆရာက အောက်ပါမေးခွန်းများကို မေးမြန်းဆွေးနွေးပါ။

အိုးစည်သည် မည်သို့သော တူရိယာဖြစ်သနည်း။

အိုးစည်၏ အတိုင်းအတာကို ဖော်ပြပါ။

ရှေးခေတ်နန်းသုံးအိုးစည်များကို မည်သို့ ခွဲခြားသတ်မှတ်ထားသနည်း။

အိုးစည် တီးခတ်နည်းများကို ဖော်ပြပါ။

ကျေးလက်ပျော်ပွဲရွှင်ပွဲများတွင် အိုးစည်ဝိုင်းပါဝင်ရခြင်းမှာ အဘယ်ကြောင့်နည်း။

ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာပွဲတော်များတွင် ရှမ်းအိုးစည်ဝိုင်းနှင့်အတူ မည်သည့်အကများ ပါဝင်သနည်း။


**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

အဖွဲ့လိုက်ဆွေးနွေးနေစဉ် ဆရာက လိုက်လံကြည့်ရှု၍ အကဲဖြတ်ပါ။ လိုအပ်ချက်များတွေ့ရှိပါက ကျောင်းသား အချင်းချင်း အကြံပြုပါစေ သို့မဟုတ် ဆရာက ဖြည့်စွက်ဆွေးနွေးပေးပါ။

DBE Box - Copyright Protected

ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ ၄၆ မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းပြဆွေးနွေးပါ။

**အခန်း (၃) အတီးပညာကို ပြန်လည်သုံးသပ်ခြင်း**




DBE Box - Copyright Protected